မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၈)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ အင်္ဂါနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်းမကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကိုပြီးစီးစေရာ၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊

စာမျက်နှာ ၁၁ ကော်လံ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၃

ညောင်ဦးမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ညောင်ဦး စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ကျေးလက်တောင်သူများ စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ပဲစင်းငုံစိုက်တောင်သူများသည် ကဆုန်လနှင့်နယုန်လတို့တွင် နှမ်းများ စိုက်ပျိုးချိန်နှင့်အတူ ပဲစင်းငုံအားရောကာ စိုက်ပျိုးထားကြကြောင်း၊ နှမ်းများနုတ်သိမ်းချိန်ဖြစ်သည့် ဝါဆိုလပြည့်ကျော်၊ ဝါခေါင်လဆန်း နှမ်းနုတ်သိမ်းပြီးချိန်

စာမျက်နှာ ၁၀ ကော်လံ ၃



ယခုနှစ် ဆောင်းရာသီတွင် နေကြာ ၈၈ ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည် စာ - ၁၅ သို့

Mpox(မျောက်ကျောက်)ရောဂါ အကြောင်း သိကောင်းစရာ သို့မဟုတ် အသိသတိနှင့် ကာကွယ်ရမည့် Mpox (မျောက်ကျောက်)ရောဂါ ဆောင်းပါးစာ - ၈ သို့

ထိန်းသိမ်းထားသင့်သော မြန်မာ့ပဒေသာဝါးတော ဆောင်းပါးစာ - ၁၃ သို့



MWD
မီဒီယာစင်တာ

ရုပ်ရှင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ဌားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ဌားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်)

မိမိကိုယ်ကိုဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်

မြန်မာ့သမိုင်းစဉ်တွင် တပ်မတော်၏အခန်းကဏ္ဍာသည် အဓိကနေရာမှပါဝင်လျက်ရှိသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သောတပ်မတော်သည် လွတ်လပ်ရေးရရှိရေးအတွက်ကြိုးပမ်းခဲ့ရသကဲ့သို့ ရရှိလာသောလွတ်လပ်ရေးကြီးတည်တံ့ခိုင်မြဲစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ်တည်ဆောက်ရာတွင် တပ်မတော်(ကြည်း) တစ်ခုတည်း သာမကတပ်မတော်(လေ)နှင့် တပ်မတော်(ရေ)တို့၏ အင်အားနှင့်စွမ်းပကားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ (ကြည်း၊ ရေ၊ လေ) တပ်မတော်တစ်ရပ်လုံးဟန်ချက်ညီစွာအင်အားနှင့်စွမ်းပကားများမြင့်မားနေမှသာ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

တပ်မတော်သို့ဝင်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်လာကြသူများဖြစ်သည်။ ကိုယ်တိုင်ဆန္ဒပြဝင်ရောက်လာသူများဖြစ်သည့်အတွက် အခြေခံအားဖြင့်စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်ပြီးသူများဖြစ်သည်။ တပ်မတော်သားဖြစ်လာသည့်အခါ အားလုံးတွင် ကိုယ်စီအရည်အချင်းငါးရပ်နှင့်ပြည့်စုံအောင်ကြိုးစားကြရသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းများမှာ တပ်တိုင်း၊ ရဲဘော်တိုင်းတွင်ရှိရမည့်အခြေခံအရည်အချင်းများဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်းပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ တပ်မတော်သားများသည် ပြည်သူများမှပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆိုတိုင်တည်ထားသည့်အဖွဲ့အစည်းဖြစ်သည်။ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါတပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဆိုသည့်သစ္စာဆိုချက်အတိုင်း အသက်ကိုပင်စွန့်လွှတ်ထားသူများဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးအတွက်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၃၁ ရက်နေ့က မော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် "တပ်မတော်(လေ)အနေဖြင့် မြေပြင်တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့်အရေးကြီးစစ်ဆင်ရေးများတွင် လေကြောင်းပစ်ကူပေးတာဝန်များကိုဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်တပ်ဖွဲ့ဝင်များအတွက် များစွာအထောက်အကူပြုပေးနေသည့်တပ်ဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း တပ်မတော်(လေ)ကိုအဆင့်မြှင့်တင်မှုများဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့် စက်ပစ္စည်းများနှင့်အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းစွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက်ချမှတ်ထားသည့် ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကို စနစ်တကျဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏စွမ်းရည်နှင့်စိတ်ဓာတ်များကောင်းမွန်အောင်ဆောင်ရွက်ရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်(လေ)ကို ခေတ်အဆက်ဆက် အဆင့်မြှင့်တင်တည်ဆောက်ပေးခဲ့ပြီး ခေတ်စနစ်နှင့်လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များကိုလည်း တပ်ဆင်ပေးထားပြီးဖြစ်သည်။ အာဆီယံနှင့်အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအနေဖြင့် ဂျက်တိုက်လေယာဉ်များကိုစတင်အသုံးပြုခဲ့သည့်နိုင်ငံဖြစ်သည်။ လေယာဉ်ရဟတ်ယာဉ်များသာမက လေကြောင်းဆိုင်ရာကျွမ်းကျင်သူအရာရှိ၊ စစ်သည်များကိုလည်း စဉ်ဆက်မပြတ်မွေးထုတ်လျက်ရှိပြီး အမျိုးသမီးအရာရှိများအနေဖြင့် အမျိုးသားအရာရှိများနည်းတူ ပျံသန်းရေးတာဝန်များတွင်ထမ်းဆောင်နေပြီဖြစ်သည်။

တပ်မတော်(လေ)မှ ပျံသန်းရေးတာဝန်ထမ်းဆောင်နေသူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အသက်နှင့်ရင်း၍တာဝန်ထမ်းဆောင်ရခြင်းဖြစ်သဖြင့် အမှားခံ၍ရမည်မဟုတ်ပေ။ ထို့ကြောင့်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် တစ်ဦးချင်း၏အရည်အချင်းများတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်ရန်နှင့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့်တိတိကျကျ Check၊ Recheck၊ Counter check များဖြင့်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နေ့စဉ်ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းအရည်အချင်းများပြည့်ဝပြီး တာဝန်ထမ်းဆောင်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ လေ့ကျင့်သားပြည့်ဝနေမှသာလျှင် မိမိကိုယ်ကိုနှင့်မိမိလက်နက်အပေါ် ယုံကြည်စိတ်မြင့်မားနေမည်ဖြစ်သည်။ ယုံကြည်စိတ်မြင့်မားနေမှသာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

တပ်မတော်သားတို့သည်နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေကြရသည်။ လေ့ကျင့်ရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို အောင်မြင်စွာဖြင့် ထူးချွန်စွာဆောင်ရွက်နိုင်မည့်တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့်တပ်ဖွဲ့တစ်ခုဖြစ်လာပေမည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်၍ တပ်မတော်သားတစ်ဦးချင်းကလည်း မိမိကိုယ်ကိုဂုဏ်ယူ၍ တာဝန်ကိုထမ်းဆောင်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၇) ရက်သာ လိုတော့သည်။

မွေးမြူရေးခြံများ၏ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား စစ်ဆေး

ရွှေတောင် စက်တင်ဘာ ၂

ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု)မတည်ထောက်ပံ့ငွေမှ မွေးမြူရေးချေးငွေရယူလိုသူ မွေးမြူရေးခြံများ၏ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား စက်တင်ဘာလ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ဖားအိုင့်ကျေးရွာ၌ အသားတိုးဝက်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုအခြေအနေများ၊ ကြို့ကုန်းကျေးရွာ၌ နို့စားနွားကောင်ရေ ၂၀ မွေးမြူထားရှိမှုအခြေအနေများ၊ ချောခေါ်ကျေးရွာ၌ ဦးကျော်ဇေယျ၏ ဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုအခြေအနေများ၊ ကြာနီကန်ရပ်ကွက်၌ နို့စားနွားကောင်ရေ ၂၀ မွေးမြူထားရှိမှုအခြေအနေများ၊ ကြာနီကန်ရပ်ကွက်၌ အသားတိုးကြက်ကောင်ရေ ၉၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု) မတည်ထောက်ပံ့ငွေမှချေးငွေလျှောက်ထားသည့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိ/ မရှိစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ ခေတ်စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ခေါ်နီလာအောင်၊ ခေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ခေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ခေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

အခြေခံပညာအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့တတ်ကျွမ်းထားသောအနုပညာကို စစ်မှန်စွာ၊ ပင်ကိုအရည်အချင်းနဲ့လျော်ညီစွာ ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိရေး အတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်အောင် စွမ်းဆောင်သွားကြစေလိုကြောင်း၊ ပြီးခဲ့သည့် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေတံဆိပ်ဆု ၂၂ ခု၊ ငွေတံဆိပ်ဆု ၁၄ ခု၊ ကြေးတံဆိပ်ဆု ၁၀ ခု စုစုပေါင်း ၄၆ ခုရရှိခဲ့ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ငွေတံဆိပ်ဆုရ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ဆုဝတီဆိုင်းဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ငွေတံဆိပ်ဆုရှင် မခြဝတ်ဝတ်ရည်ထွန်းက ပန်းရည်ဘဏ်တိုက်သီချင်းဖြင့်လည်းကောင်း၊ ဒဂုံ(တောင်ပိုင်း)မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ရွှေတံဆိပ်ဆုရှင် မသိဂီဝင့်ထက်က ပါးမှာ နံ့သာ ခါးမှာ ပဝါ အကဖြင့်လည်းကောင်း၊ တေးသီချင်းရေးစပ်သင်တန်းအမှတ်စဉ် (၁)မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်ဂုဏ်ရည်သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

ယင်းပြိုင်ပွဲကို အဆိုဘာသာရပ်ပြိုင်ပွဲ အမျိုးအစားနှစ်ခု၊ အကဘာသာရပ်ပြိုင်ပွဲ အမျိုးအစားနှစ်ခု၊ အရေးဘာသာရပ်ပြိုင်ပွဲ အမျိုးအစားတစ်ခု၊ အတီးဘာသာရပ် ပြိုင်ပွဲအမျိုးအစား ၁၃ ခုဖြင့် ကျင်းပမည် ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင်များ၊ ဖျော်ဖြေရေးအဖွဲ့များ၊ ကြီးကြပ်သူ/မိဘများ တက်ရောက်ကြကြောင်း သိရသည်။

ခင်မောင်တင်

ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံ ၅၄၅ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ကျုံပျော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံ ၅၄၅ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကြံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာမှာ တောင်သူတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ တခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ကြံ ၅၄၅ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းနဲ့အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အသိပညာပေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါ့ပြင် တောင်သူအသိပညာပေး လုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်" ဟု ဦးဆန်းဝင်းကပြောသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံများကို ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

သုတကျော်

အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်း အပိုင်း(၁)ကို စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်မည်

အောင်လံ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့၌ တည်ဆောက်လျက်ရှိသော အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်း အပိုင်း(၁)ကို စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါအဝေးပြေးယာဉ်ရပ်နားစခန်းကို အောင်လံမြို့ ရွာထောင်ရပ်ကွက် ရွာထောင်-သမ္ဘူလလမ်းပေါ်ရှိ မြေအကျယ်အဝန်း ၁၀ ဒသမ ၀၄ ဧကပေါ်၌ တည်ဆောက်နေခြင်းဖြစ်ကာ လက်ရှိ စီမံကိန်းအပိုင်း(၁)ဆောင်ရွက်နေမှုသည် ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

"အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းအပိုင်း(၁)ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်မှာ စတင်ပန္ထက်ရိုက်ပြီး လုပ်ငန်းအကောင်အထည်ဖော်ခဲ့ပါတယ်။ စီမံကိန်းအပိုင်း(၁)မှာ Express ကားဂိတ်ရုစ်ခန်း၊ ကားလေးဂိတ်ခြောက်ခန်း၊ စားသောက်ဆိုင်ခန်းလေးခန်း၊ ဈေးဆိုင်ခန်းရှစ်ခန်း၊ ကုန်စည်ဂိတ်လေးဂိတ်နဲ့ အိုးဝေဂိတ်တစ်ဂိတ်တို့ ပါရှိပါတယ်"ဟု အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်ကပြောသည်။

ထိုအဝေးပြေးယာဉ်ရပ်နားစခန်း၀င်းအတွင်း အရှည် ပေ ၂၈၁၀၊ အကျယ်ပေ ၃၀၊ ထု ၉ လက်မရှိသော ပတ်လမ်းကွန်ကရစ်ခင်းခြင်း၊ အများပြည်သူသုံးအိမ်သာနှင့် ရေချိုးခန်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ခရီးသည်ပို့၊ ကြိုသောယာဉ်များ ယာယီရပ်နားရန်အတွက် အလျားပေ ၁၈၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၆ ပေရှိသော အဆောက်အအုံတစ်ခုကိုလည်း Steel Structure ဖြင့် တည်ဆောက်ထားပြီးဖြစ်သည်။

အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းကို အပိုင်းသုံးပိုင်းခွဲကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းအပိုင်း(၁)ကို အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဂိတ်ခန်း၊ ဆိုင်ခန်း၊ ပွဲရုံခန်းနှင့် ဈေးဆိုင်ခန်းပိုင်ရှင်များ၏ တည်ဆောက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ စုစုပေါင်း ငွေကျပ်သန်း ၁၇၀၀ ခန့် အကုန်အကျခံတည်ဆောက်နေခြင်းဖြစ်သည်။

ထိုအဝေးပြေးယာဉ်ရပ်နားစခန်း ပြီးစီးပါက ဒေသအတွင်း ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့လာခြင်း၊ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း၊ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ဖြစ်မှုကို လျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ဆောင်းဦး



မြစ်ကိုအလျားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

ထူးဆန်းသော အိမ်ပြန်ခရီး

သည်တစ်ခေါက် ကျွန်တော့်ရွာပြန်ခရီးသည် ခါတိုင်းနှစ်များနဲ့မတူဘဲ တစ်မူထူးခြားနေခဲ့သည်။ ခါတိုင်းနှစ်ဆိုလျှင် အမေ့ရွာ သရက်တောင်သို့ ပြန်ခဲ့ရသည်။ ခုတစ်ခါ အဖေ့ရွာ ငပသုန်ရွာသို့ ပြန်ရမည်ဟု အဖေနှင့် အမေ မှာထားခဲ့လေသည်။ ကျွန်တော် အံ့သြသလိုဖြစ်သွားသည်က အမှန်ပင်။ မည်သည့်အကြောင်းကြောင့်ဟူ၍လည်း ကျွန်တော်မသိ။ ကျွန်တော် အဖေနှင့်အမေ၊ ညီလေး၊ ညီမလေးတို့ရှိရာသို့ အလျင်အမြန် ပြန်လိုလှပေသည်။

ထိုစဉ် အထက်တန်းကျောင်းသားများကို နွေရာသီကျောင်းပိတ်ရက် အတွင်း လုပ်အားပေးဝင်လုပ်လိုသူတိုင်း ဝင်လျှောက်နိုင်သည်။ မိမိလုပ်လိုသောအလုပ်ဌာနကို အ. ထ. က ကျောင်းရုံးတွင် စာရင်းပေးရမည်ဟု ပြောသဖြင့် အလုပ်လုပ်ချင်နေသော ကျွန်တော်သည် ကျောင်းတော်ကြီးသို့ ချက်ချင်းသွားလိုက်သည်။ ကျွန်တော့်မှာ နောက်ကျမှသိသဖြင့် ကျောင်းသားအတော်များများ လုပ်အားပေးလျှောက်လွှာတင်ထားပြီးကြပေပြီ။ ကျွန်တော်ရောက်သွားတော့ ကျွန်တော်တစ်ယောက်တည်းပဲ ဖြစ်နေခဲ့သည်။

ကျွန်တော့်ကို ကျောင်းစာရေး ဦးသာအေးက "မင်းက ဘယ်ဌာနသွားမှာလဲ"တဲ့။ ကျွန်တော်က "ပညာရေးဌာနမှာ ကျောင်းဆရာလုပ်မယ်" လို့ ပြောလိုက်တော့ စာရေးကြီးသည် ကျွန်တော့်ကို ရယ်ကျဲကျဲနဲ့ တစ်ချက်လှမ်းကြည့်ပြီး

"မင်းက လူထူးပဲ" တဲ့။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမလဲ၊ ဘယ်ကျောင်းသားမှ ကျောင်းဆရာလုပ်မယ်လို့ စာရင်းပေးတာ မတွေ့ရဘူးလေ"

"သူတို့တွေ ဘယ်တွေလျှောက်ကြလို့လဲ"

''အများအားဖြင့်တော့ ရုံးတွေကိုလျှောက်ကြတာပဲ။ အတော်များများကတော့ သင်္ဘောမှာလုပ်မယ်ဆိုတဲ့ လူတွေများကြတာပေါ့ကွာ"

"ကျွန်တော်ကတော့ ရုံးမှာလည်း မလုပ်ချင်ဘူး။ သင်္ဘောမှာလည်း မလုပ်ချင်ဘူး။ ရွာတွေဘက်မှာ ကျောင်းဆရာပဲလုပ်မယ်"

စာရေးကြီး ဦးသာအေးမှာ ကျွန်တော်နေသည့် မြစ်နားတန်းရပ်ကွက်သားဖြစ်၍ သူ့ကို ကျွန်တော်သိသည်။ သူသည် ကျွန်တော့်ကို ခပ်ကြောင်ကြောင် သက်ရှိတစ်ကောင်လို့ပဲ သဘောထားလိုက်ပုံရသည်။ ခေါင်းတညိတ်ညိတ်နဲ့ တစ်ချက်ကြည့်ပြန်သည်။

"တစ်ပတ်အတွင်း အကြောင်းကြားပေးမယ်နော်"

"ဟုတ်ကဲ့ ကျွန်တော် ရွာမပြန်သေးဘဲ စောင့်နေပါ့မယ်"

''ကျွန်တော်သည် စာပြချင်လွန်း၍ ကျောင်းဆရာ လုပ်အားပေးခေါ်ပါစေလို့ ဆုတောင်းရင်း စောင့်နေခဲ့သည်မှာ သီတင်းတစ်ပတ်မကတော့ပါ။ ၁၀ ရက်တိတိ စောင့်ခဲ့သည်။ သို့သော် မည်သို့မျှ အကြောင်းမထူးခဲ့ပါ။ သို့အတွက်ကြောင့် ကျွန်တော်သည် အဝတ်အထည်၊ စာအုပ်စာတမ်းများကိုသိမ်းပြီး အိမ်သော့ကို တစ်ဝင်းတည်းနေ ဦးမြထွန်းဦးတို့မိသားစုအား ပေးအပ်ထားခဲ့ပြီး ကျောက်ဖြူမြို့မှ ကျွန်တော်ထွက်ခွာခဲ့လေတော့သည်။ . . .''

"အေး အေး အေး"

ကျွန်တော်သည် စာပြချင်လွန်း၍ ကျောင်းဆရာ လုပ်အားပေးခေါ်ပါစေလို့ ဆုတောင်းရင်း စောင့်နေခဲ့သည်မှာ သီတင်းတစ်ပတ်မကတော့ပါ။ ၁၀ ရက်တိတိ စောင့်ခဲ့သည်။ သို့သော် မည်သို့မျှ အကြောင်းမထူးခဲ့ပါ။ သို့အတွက်ကြောင့် ကျွန်တော်သည် အဝတ်အထည်၊ စာအုပ်စာတမ်းများကိုသိမ်းပြီး အိမ်သော့ကို တစ်ဝင်းတည်းနေ ဦးမြထွန်းဦးတို့မိသားစုအား ပေးအပ်ထားခဲ့ပြီး ကျောက်ဖြူမြို့မှ ကျွန်တော်ထွက်ခွာခဲ့လေတော့သည်။ ကျွန်တော် နံနက်စောစော အိပ်ရာထပြီး သင်္ဘောဆိပ်သို့ ဆင်းလာကာ ကျောက်ဖြူမြို့မှ မြေပုံ၊ ပေါက်တော၊ စစ်တွေမြို့များသို့ ထွက်ခွာမည့်သင်္ဘောဖြင့် လိုက်ပါလာခဲ့သည်။ သင်္ဘောသည် နံနက် ၇ နာရီခွဲတွင် ကျောက်ဖြူမြို့ဆိပ်ကမ်းမှထွက်ခွာခဲ့သည်။ သံစဉ်မြစ်ကို ဖြတ်သန်းခုတ်မောင်းလိုက်ပြီး မြစ်တစ်ဖက်ကမ်းအရောက်တွင် တံခါးရိုးတောင်တန်းကြီးနှင့် ကြက်တောပြင်ကမ်းခြေအစပ် ရေလက်ကြားအရောက်မှာတော့ မြစ်ကျဉ်းဖြစ်၍ ရေငြိမ်သည်။ သိပ်တောင်မကြာလိုက်ဟု ထင်ရသည်။ ပင်လယ်ပြင်ထဲ ထီးထီးမားမားတည်ရှိနေသော ဝက်ရေတောင်တန်းနှင့် ဝက်ရေမြစ်ကို ဖြတ်ကူးလိုက်သည်။

ဝက်ရေမြစ် ရေကြောအလွန်မှာတော့ ရေလှိုင်းဘောင်ဘင် ကကြိုးဆင်နေသော ဧရာမနောင်တော်ပင်လယ် (Conbamia) ကြီးပေတည်း။ ဤပင်လယ်ကြီးသည် ရခိုင်ကမ်းရိုးတန်း၏ အထင်ကရမြစ်ပြင်ကျယ်ကြီးဖြစ်သည်။ ရာသီကြမ်းတွင် လှိုင်းများ သောင်းကျန်းလာလျှင်လေ၊ သမ္မန်၊ သင်္ဘော်၊ မော်တော်ဘုတ်တို့အား ဤပင်လယ်ကြီး ဒုက္ခပေးပေါင်းများလှပေပြီ။ ရခိုင်ကမ်းရိုးတန်း၏ ခါးလယ်တွင် တည်ရှိနေပြီး ရခိုင်ဒေသတောင်ပိုင်းနှင့် မြောက်ပိုင်းကို ကူးလူးဆက်သွယ်သွားလာရာတွင် မလွဲမသွေဖြတ်ကျော်ရသော ပင်လယ်ရေပြင်ခရီးပေတည်း။ ဤနောင်တော်ပင်လယ်ပြင်ကြီးပေါ်တွင် နောင်တော်ကြီးတောင်နှင့် နောင်တော်လေးတောင်တန်းတို့ရှိကြသည်။ ဤပင်လယ်ကြီးကို အင်္ဂလိပ်တို့အုပ်ချုပ်စဉ်က Conbamia ဟု ခေါ်ခဲ့ကြသည်။ ရခိုင်ပြည်နယ်မြေပုံတွင် ကျွန်းများ၊ မြစ်များကို ဖော်ပြပါရှိလျှင် အင်္ဂလိပ်လို Conbamia ဟု ရေးသားထားသည်ကို တွေ့ရပေသည်။ သို့သော် ပင်လယ်ပြင်ပေါ်ရှိ နောင်တော်ကြီးတောင်ကိုအစွဲပြုပြီး ဒေသခံတို့က နောင်တော်ပင်လယ်ဟု ခေါ်ခဲ့ကြပေသည်ဟု သိရသည်။

ဤနောင်တော်ကြီးတောင်ခြေ ပင်လယ်ရေစပ်တောင်ခြေ၌ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကပင် နောင်တော်ရွာဟူ၍ရှိခဲ့ပေ၏။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်ပြီး တစ်တောတစ်ကြက်ဖတွန်ကာ ခိုးဆိုးတိုက်ခိုက်လုယက်မှုများ ထူပြောလာချိန်တွင် ရပ်ရွာပြုကွဲပြီး မြစ်တစ်ဖက်ကမ်းရှိ ငပသုန်ရွာသို့ ပြောင်းရွှေ့သွားကြသည်။ (ယခု ၁၉၈၀ ပြည့်နှစ်တွင်တော့ ကျွန်းစဉ်ဒေသ၌ ခြေကုပ်ယူပြီး ဝပ်ကျင်းချကာနေခဲ့ကြသော ဗ.က.ပ (ဗမာပြည်ကွန်မြူနစ်ပါတီ) ကို နိုင်ငံတော်မှ ဖြတ်(၄)ဖြတ် စီမံချက်ဖြင့် ရှင်းလင်းလိုက်မှုကြောင့် ချုပ်ငြိမ်းခဲ့ရသည်။ သို့ဖြစ်၍ နယ်မြေအေးချမ်းမှု ရလာပြီးသည့်နောက်တွင် မူလနောင်တော်ရွာသားတို့သည် သူတို့ပြောင်းရွှေ့နေထိုင်ခဲ့ကြသော ငပသုန်ရွာမှ နောင်တော်ကြီးတောင်ခြေရှိ နောင်တော်ရွာသို့ ပြန်လည်ပြောင်းရွှေ့လာကြပြီး ယခင်ကလိုပဲ ငါးဖမ်းခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းတို့ကို လုပ်ကိုင်ကာ အခြေချနေထိုင်ကြပေပြီ။ အခြေခံပညာမူလတန်းကျောင်းကိုလည်း ဖွင့်လှစ်ထားလျက်ရှိကြပေပြီ။)

ကျွန်တော် စီးနင်းလိုက်ပါလာသောသင်္ဘောသည် နောင်တော်ပင်လယ်ကိုကျော်ဖြတ်ပြီး နောင်တော်တောင်တန်းကြီးကို နောက်ကျောဘက်တွင် ချန်ထားခဲ့ကာ တုံးကျီမြစ်ကို ဖြတ်ကူးလာခဲ့ပေပြီ။ တုံးကျီမြစ်ကို ဖြတ်ကျော်ခဲ့ပြီး တုံးကျီတောင်ခြေအနီးက သင်္ဘောဆိပ်ဟု သတ်မှတ်ထားသော တုံးကျီတောင်ခြေရှိ တုံးကျီမြစ်ကမ်းခြေသို့ ရောက်ရှိခဲ့လေပြီ။ သင်္ဘောဆိပ်ဟုသတ်မှတ်ထားသော်လည်း ဆိပ်ခံတံတားဟူ၍ မရှိပေ။ စက်ရှိန်လျှော့ပြီး သင်္ဘောရပ်နားပေးတုန်း ကမ်းခြေမှ ကူးတို့လှေများဖြင့် လှေခတ်လာကြပြီး တက်ကြရ၊ ဆင်းကြရသည်။

ကျွန်တော်သည် မိမိမှာပါလာခဲ့သော အဝတ်အိတ်၊ စာအုပ်ထုပ်များကိုသယ်ပြီး ကမ်းမှလှေခတ်လာသော ကူးတို့လှေပေါ်သို့ ဆင်းလိုက်သည်။ ကျွန်တော်ဆင်းလိုက်သော ကူးတို့လှေမှာ တုံးကျီတောင်ခြေတွင် တစ်တဲတည်းသာရှိသော ကူးတို့တဲက ကူးတို့လှေပင်ဖြစ်သည်။ ဤကူးတို့လှေမှာ တခြားတစ်ပါးမှ သင်္ဘောဖြင့် စီးနင်းလိုက်ပါလာကြသော ခရီးသည်များကို သူတို့သွားလိုသောရွာများသို့ အဖိုးအခသတ်မှတ်ပြီး ပို့ပေးခြင်းပင်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ကျောက်ဆည်မြို့နယ် ဘလုံကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းပေးမည်

ကျောက်ဆည် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ကရစ်လမ်းများခင်းပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ပေတောကြီးကျေးရွာအုပ်စု ဘလုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းပေးမည် ဖြစ်ကြောင်း သိရသည်။

ပေတောကြီးကျေးရွာအုပ်စု ဘလုံကျေးရွာ၌ အိမ်ခြေ ၁၂၇၄ အိမ်၊ အိမ်ထောင်စု ၁၂၇၆ စု၊ လူဦးရေ ၅၇၄၉ ဦးနေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်အသက်မွေးကြသည်။ အဆိုပါကျေးရွာတွင်းလမ်းများသည် မိုးတွင်းကာလသွားလာရာ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ ပြည်သူများမြို့ပြနှင့်မခြားသွားလာနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP စီမံကိန်းဖြင့် မြေလမ်းများကို ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ ၏ဦးဆောင်မှုဖြင့် နိုင်ငံတော်ခွင့်ပြုငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းပေးခြင်းကြောင့် ဘလုံကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်တတ်မည်ဖြစ်ကြောင်းနှင့် အရည်အသွေးကောင်းသည့်လမ်းများဖြစ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ စနစ်တကျကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဘလုံကျေးရွာသည် မြို့ပြနှင့်မခြားလမ်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများအနေဖြင့် တစ်အိမ်နှင့်တစ်အိမ် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် များစွာ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။



ချမ်းမြေ့

ကျောက်ဆည်မြို့နယ်၌ ယခုနှစ်မိုးသီးနှုံ စိုက်ပျိုးရာသီတွင် နှမ်းစိုက်ဧက ၄၅၈၀ စိုက်ပျိုးရန်လျာထား

ကျောက်ဆည် စက်တင်ဘာ ၂


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်ဧက ၄၅၈၀ စိုက်ပျိုးရန် လျာထားရာ ဩဂုတ်လနောက်ဆုံးပတ်အထိ ၃၈၀၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်ရှိ တောင်သူများအနေဖြင့် နှမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော ဆင်းရတနာ (၄) နှမ်းမျိုးကို အများဆုံးစိုက်ပျိုးကြကာ နှမ်းစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများကို မျိုးရွေးချယ်နည်း၊ မြေပြင်စိုက်ပျိုးနည်းနှင့် ရိတ်သိမ်းသိုလှောင်နည်းများ ပံ့ပိုးကူညီလျက်ရှိသည်။

"ဒီနှစ်မှာတော့ ကျောက်ဆည်မြို့နယ်မှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးမှာ စုစုပေါင်းနှမ်းစိုက်ဧက ၃၉၁၉၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ အဲဒီလိုလျာထားတဲ့နေရာမှာ မိုးနှမ်းအနေနဲ့ ဧက ၄၅၈၀ စိုက်ပျိုးဖို့လျာထားပြီး လက်ရှိအချိန်ထိ ၃၈၀၇ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်တဲ့ဧကကိုလည်း ဆက်လက်စိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးမြင့်အောင်ကပြောသည်။

ကျောက်ဆည်မြို့နယ်၌ နှမ်းစိုက်ပျိုးရာတွင် အများအားဖြင့် အတန်းလိုက်စနစ်၊ ဘောင်ကြီးတင်စနစ်တို့ဖြင့် စိုက်ပျိုးကြပြီး မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အတန်းလိုက်စိုက်သည့်စနစ်ကို အသုံးပြုကာ ဘောင်ကြီးတင်စနစ်ကို နွေရာသီတွင် အသုံးပြုစိုက်ပျိုးကြကြောင်းနှင့် ဘောင်ကြီးတင်စိုက်နည်းစနစ်သည် အတန်းလိုက်စိုက်သည့်စနစ်ထက် တစ်ဧကမျိုးကုန်ကျစရိတ် ပိုမိုသက်သာကြောင်း သိရသည်။

ယခုအခါ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအတွက် မျိုးစေ့အခက်အခဲမရှိစေရန် မျိုးစေ့ကြိုတင်စုဆောင်းထားခြင်း၊ မျိုးစေ့ထုတ်ဧကများစိုက်ပျိုးပြီး မျိုးဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နှမ်းစိုက်ခင်းများအတွက် စိုက်ပျိုးရေးအခက်အခဲရှိလျှင်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**



အိမ်မဲမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲကလေးများနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေး

အိမ်မဲ စက်တင်ဘာ ၂



ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးများနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို စက်တင်ဘာလ ၂ ရက်တွင် ဆက်လက်ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို အကျယ်တဝင့်ဟောပြောပြီး မွေးကင်းစမှ အသက်တစ်နှစ်ခွဲကလေးများအား ဗီတာမင် A ဆေးတိုက်ကျွေးခြင်း၊ ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဘီစီဂျီ၊ ပိုလီယိုအကြောသေ၊ ဝက်သက်-ဂျိုက်သိုး၊ ငါးမျိုးစပ်ကာကွယ်ဆေး (ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ) ပိုး၊ ဦးနှောက်အမြှေးရောင်၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) စသည့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ လစဉ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

YBS စီးခရီးသည်များပိုမိုအဆင်ပြေစေရေး YPS ကတ်များအား Mobile Money ဖြင့် ငွေဖြည့်သွင်းနိုင်ရန် ဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့၌ပြေးဆွဲနေသည့် YBS ယာဉ်များတွင် အသုံးပြုနေသော YPS ကတ်များ ငွေဖြည့်သွင်းနိုင်ရန် အချက်အချာနေရာများတွင် အရောင်းကောင်တာများ ဖွင့်လှစ်ထားသော်လည်း ခရီးသည်များ ပိုမိုအဆင်ပြေစေရေး Mobile Money ဖြင့် ငွေဖြည့်သွင်းနိုင်ရန် Asia Starmar Transport Intelligent ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ YPS ကတ်တွေကို Mobile Money နဲ့ငွေဖြည့်သွင်းနိုင်ဖို့ Asia Starmar Transport Intelligent ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ Mobile Money နဲ့ ငွေဖြည့်သွင်းနိုင်ဖို့ ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်ထဲမှာ ဆောင်ရွက်ဖို့ရှိပါတယ်။ QR Code ကို စနစ်အတွက် download ဆွဲပြီးတော့ အသုံးပြုတာက အသုံးပြုသူဦးရေတစ်သိန်းကျော်သွားပါပြီ။ ဒါပေမဲ့ တကယ်တမ်းအသုံးပြုနေတာကတော့ ၂၀၀၀ ကျော်ဖြစ်ပါတယ်။ လက်ရှိ ရှိနေတဲ့ QR Code ကိုလည်း ကတ်နဲ့နည်းတူ အလွယ်တကူအသုံးပြုနိုင်အောင် လုပ်ဆောင်နေတာလည်းရှိပါတယ်" ဟု Asia Starmar Transport Intelligent Co.,Ltd. Senior Marketing Manager ဦးလွင်ဖြိုးအောင် ကပြောသည်။

Asia Starmar Transport Intelligent ကုမ္ပဏီအနေဖြင့် YBS ယာဉ်များတွင် ငွေဖြတ်စက်(POS)များ တပ်ဆင်လျက်ရှိရာ YBS ယာဉ်လိုင်းကုမ္ပဏီ ၁၈ ခုတွင် ငွေဖြတ်စက်(POS)ပေါင်း ၃၉၀၀ ကျော် တပ်ဆင်ပြီးဖြစ်ကာ ကျန်ယာဉ်များတွင် လည်းတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် YBS စီးခရီးသည်များအတွက် YPS ကတ်လေးသိန်းခွဲကျော်ဖြန့်ဖြူးထားရှိပြီး လက်ရှိအသုံးပြုသူ ၂၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

YPS ကတ်များ ငွေဖြည့်သွင်းရာတွင် အဆင်ပြေစေရန် မြန်မာပလာဇာရှေ့၊ ရှစ်မိုင်(Junction 8)၊ လှည်းတန်း၊ ဆူးလေ၊ သခင်မြပန်း၌၊ စိုက်ပျိုးရေးမှတ်တိုင်(Junction Square)စသည့် ရန်ကုန်မြို့၏ အချက်အချာနေရာများတွင် ဝန်ဆောင်မှုရယူနိုင်သည့်အပြင် g & g Convenience Store ဆိုင်များနှင့် Capital Shopping Center ဆိုင်ခွဲများ၊ အဆင့်မြင့်မင်္ဂလာရုပ်ရှင်ရုံများတွင်လည်း ငွေဖြည့်သွင်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဝန်းရံခ

ကျောင်းကုန်းမြို့နယ်မှထွက်ရှိသော သခွားသီးများ အရောင်းအဝယ် ကောင်းမွန်

ကျောင်းကုန်း စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှထွက်ရှိသော သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ယုဝေဏ်ပြောကြားချက်အရ သိရသည်။

ဩဂုတ်လပထမပတ်မှစ၍ လက်ရှိအချိန်ထိ သခွားသီးများ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ကျောင်းကုန်းမြို့နယ်၌ တစ်ရက်လျှင် ရောင်းတမ်းဝင်သခွားသီးအလုံးရေ ၁၇၅၀၀ ခန့် အရောင်းအဝယ်ပြုလုပ်နေရကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ သခွားသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိဒေသမှာ မိုးသီးနှံအဖြစ်စိုက်ပျိုးထားတဲ့သခွားသီးတွေထွက်နေပါတယ်။ ကျောင်းကုန်းမြို့နယ်နဲ့ ပတ်ဝန်းကျင်ဒေသကုန်စိမ်းစျေးကွက်ကဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်မှာ ရောင်းတမ်းဝင် သခွားသီးအလုံးရေ ၁၇၅၀၀ ခန့် ရောင်းချနေရပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်ရှိတဲ့ သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အထွက်နှုန်းလည်းကောင်းမွန်ပါတယ်'' ဟု ဒေါ်ယုဝေကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသော သခွားသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်မြို့နယ်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်းရေလေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အိန္ဒိယနိုင်ငံ National Defence College ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ (Senior Directing Staff) ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည နေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ National Defence College မှ အကြီးတန်းနည်းပြအရာရှိ (Senior Directing Staff) ဖြစ်သူနှင့်အတူ သင်တန်းသားအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း ထိုင်းလေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲအဖြစ် ဘာရိန်း ယူ-၁၉ အသင်းနှင့်ကစားမည်

ရန်ကုန် စက်တင်ဘာ ၂

၂၀၂၅ အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ပြင်ဆင်လျက်ရှိနေသည့် မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် ထိုင်းနိုင်ငံတွင် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိနေပြီး လေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲအဖြစ် ဘာရိန်း ယူ-၁၉ အသင်းနှင့် စတင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းကို နည်းပြအဖြစ် ပြည်တွင်းနည်းပြဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်လျက်ရှိပြီး ၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲအတွက် လက်ရှိတွင် ပဏာမကစားသမား ၂၄ ဦးဖြင့်စုဖွဲ့ထားကာ ထိုင်းနိုင်ငံတွင် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ထိုင်းနိုင်ငံတွင် စက်တင်ဘာလ ၁ ရက်မှစတင်ကာ ၁၄ ရက်ထိ နေထိုင်ပြီး စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် စက်တင်ဘာလ ၅ ရက်တွင် ဘာရိန်း ယူ-၁၉ အသင်းနှင့်စတင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲကစားမည့် ဘာရိန်း ယူ-၁၉ အသင်းသည် မြန်မာ့လက်ရွေးစင် ယူ-၁၉အသင်းနှင့် ခြေစမ်းပွဲပြီးလျှင် စက်တင်ဘာလ ၁၂ ရက်တွင် အိမ်ရှင်ထိုင်းလက်ရွေးစင် ယူ-၁၉ အသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်၌ အုပ်စု(၁)တွင် ဂျပန်ယူ-၁၉ အသင်း၊ ကာဂျစ်စတန်ယူ-၁၉ အသင်း၊ တာ့ခ်မင်နစ္စတန်ယူ-၁၉ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များကို ကာဂျစ်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများ စာရင်းကို ဖြည့်စွက်ပြင်ဆင်အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို ၂၃-၈-၂၀၂၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ၌ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့နှင့်ညှိနှိုင်း၍ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၂/၂၀၂၄)အား ၃၀-၈-၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်(၃/၂၀၂၄)ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၃/၂၀၂၄) အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက်အချို့အစားအရ နယ်ပယ်ကိုယ်စားပြုသူ (၁၁)ဦး၏ အမည်စာရင်းကို အောက်ပါအတိုင်းဖြည့်စွက်ပြင်ဆင်အသိပေးကြေညာအပ်ပါသည်-

(က) ဒေါက်တာတင်အောင်ခိုင်	မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ
(ခ) ဦးသိုက်ထွန်း	မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း
(ဂ) ဒေါက်တာဇော်သန်း	မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
(ဃ) ဦးကြည်ညွှန့်	မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
(င) ဦးဥက္ကာအေး	မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း
(စ) ဦးတင်ကိုကို	မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ဆ) ဦးမြတ်စိုး(မြတ်စိုး-လှိုင်)	မြန်မာနိုင်ငံစာရေးဆရာအသင်း
(ဇ) ဦးအောင်ကြည် (အောင်ကြည်ညွှန့်-တက္ကသိုလ်)	မြန်မာနိုင်ငံစာရေးဆရာအသင်း
(ဈ) ဦးဝင်းနိုင်(မင်းဆက်ပိုင်)	မြန်မာနိုင်ငံစာရေးဆရာအသင်း
(ည) ပါမောက္ခ ဒေါက်တာမြသိန်းဟန်	မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့
(ဋ) ဒေါက်တာစန်းဦး	မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၉-၂၀၂၄

မြိတ်	၅	ဒသမ ၇၉ လက်မ	ငပုတော	၂	ဒသမ ၀၆ လက်မ	ထားဝယ်	၁	ဒသမ ၇၈ လက်မ
ပင်လောင်း	၂	ဒသမ ၈၀ လက်မ	ညောင်တုန်း	၂	ဒသမ ၀၀ လက်မ	အောင်လံ	၁	ဒသမ ၆၉ လက်မ
ဟိုင်းကြီးကျွန်း	၂	ဒသမ ၈၀ လက်မ	လှည်းကူး	၁	ဒသမ ၉၃ လက်မ	ကော့သောင်း	၁	ဒသမ ၆၉ လက်မ
			သထုံ	၁	ဒသမ ၉၃ လက်မ	အမ်း	၁	ဒသမ ၆၆ လက်မ

သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ (၁၃၉)ကြိမ်မြောက် ဆေးပဋ္ဌာန်းလျှုဒါန်းပွဲတွင် သံဃာတော်အပါး ၁၀၀၀၀ ကျော်အတွက် ဆေးဝါးနှင့် ဝတ္ထုငွေစုစုပေါင်းငွေကျပ်သိန်း ၁၃၀၀ကျော်လှူဒါန်း

မော်လမြိုင် စက်တင်ဘာ ၂

မော်လမြိုင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၌ အစည်အလာမပြတ် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှစတင်၍ ဆေးပဋ္ဌာန်းပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခု (၁၃၉)ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စေတီတော်မြတ်ကြီး၏ ဓမ္မာရုံတော်အတွင်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်သုတ်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုရှိပန်း၊ ဆီမီးနှင့် ရေချမ်းတို့အား ကပ်လှူပူဇော်ခဲ့ကြပြီး (၁၃၉)ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ (ရွှေတောင်ကျောင်းဆရာတော်)ထံမှ ရုစ်ပါးသီလခံယူဆောက်တည်ခဲ့ကြကာ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များမှ ပဋ္ဌာန်းဒေသနာတော်များရွတ်ဆိုပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ ကျန်းမာရေးအတွက် “အာယုဒါန” ဆေးပစ္စည်းအလှူများနှင့် အလှူတော်ငွေများကို ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ဝေဖယန္တာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အဆိုပါ (၁၃၉)ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပွဲကို မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၁၀ တွင် သီတင်းသုံးတော်မူသော ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀၀ ကျော်အား ဆေးဝါးနှင့် ဝတ္ထုငွေစုစုပေါင်းငွေကျပ်သိန်း ၁၃၀၀ ကျော်ကို စေတနာရှင်သဒ္ဓါကြည်လင် ပါရမီရှင်များက သဒ္ဓါထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကရင်လဂျာကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဖိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

ရောဂါဖျိုးရက်

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူ များတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

ကာကွယ်နိုင်မည့် နည်းလမ်းများ

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ။
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ။
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကိုတပ်ဆင်ခြင်းကို ပြုလုပ်ပါ။
- လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ် စားပါ၊

Mpox (မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယ လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

Mpox (မျောက်ကျောက်) ရောဂါအကြောင်း သိကောင်းစရာ သို့မဟုတ် အသိသတိနှင့်ကာကွယ်ရမည့် Mpox (မျောက်ကျောက်)ရောဂါ

အောင်မင်း၊ ဒုတိယညွှန်ကြားရေးမှူး
(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

၁၉၇၀ ပြည့်နှစ်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ကြောင်းကို စတင်တွေ့ရှိခဲ့သည့် Mpox (မျောက်ကျောက်) ရောဂါသည် အာဖရိကနှင့် အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်လေ့ရှိရာမှ ၂၀၂၂ ခုနှစ်တွင် တခြားနိုင်ငံတချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International concern-PHEIC) အဖြစ် သတ်မှတ်ကြေညာတုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာ ကျဆင်းခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် မေလတွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့သည်။

သို့သော် ၂၀၂၄ ခုနှစ်အတွင်း ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) နှင့် အာဖရိကတိုက်နိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်ဖြစ်ပွားမှုအရှိန်မြင့်တက်လာခြင်း၊ Mpox (မျောက်ကျောက်)ရောဂါ၏ မျိုးကွဲအသစ်ဖြစ်ပြီး လိင်မှတစ်ဆင့်ကူးစက်တတ်သော(Clade Ib) မျိုးကွဲသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းတွင် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာသည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘရွန်ဒီ၊ ကင်ညာ၊ ရဝမ်ဒါနှင့် ယူဂန်ဒါတို့တွင် ကူးစက်ဖြစ်ပွားနေခြင်းနှင့် နယ်စပ်ဖြတ်ကျော်၍ နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်အရေးပေါ်ကော်မတီ (Emergency Health committee of the International Health Regulations) ၏ ပထမအကြိမ်အစည်းအဝေးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၏ အကြံပြုချက်အရ Mpox (မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်းအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့သည်။

Mpox(မျောက်ကျောက်)ရောဂါသည် မျောက်များတွင် စတင်တွေ့ရှိရသော တိရစ္ဆာန်မှတဆင့်ကူးစက်သည့် ဗိုင်းရပ်စ်ရောဂါ (Viral zoonotic disease) တစ်မျိုးဖြစ်သည်။ ကျောက်ကြီးရောဂါ(smallpox) ဖြစ်ပွားစေသည့်ဗိုင်းရပ်စ်(variola virus)နှင့် မျိုးဗီဇအုပ်စု(orthopox)ချင်းတူညီသည့် မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည်။အာဖရိကအလယ်ပိုင်း ကွန်ဂိုချိုင့်ဝှမ်းမျိုးစိတ် (congo basin clade) နှင့် အာဖရိကအနောက်ပိုင်းမျိုးစိတ် (west African clade) ဟူ၍ Mpox (မျောက်ကျောက်) ရောဂါဗိုင်းရပ်စ်မျိုးစိတ်နှစ်ခုရှိခဲ့သည်။

Mpox (မျောက်ကျောက်) ရောဂါကို ၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် မြို့ရှိ ဓာတ်ခွဲခန်းက မျောက်များတွင် စတင်တွေ့ရှိခဲ့ခြင်းကြောင့် monkeypox (မျောက်ကျောက်)ရောဂါဟုအမည်ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် အာဖရိကတိုက် ကွန်ဂိုနိုင်ငံ၌ Mpox (မျောက်ကျောက်) ရောဂါကို လူသားများတွင် စတင်တွေ့ရှိခဲ့ပြီး အာဖရိကတိုက် အလယ်ပိုင်းနှင့် အနောက်ပိုင်း၌ သစ်တောများနှင့်ဆက်စပ်ရာ နိုင်ငံဒေသများသို့ ပျံ့နှံ့ခဲ့သည်။ အာဖရိကဒေသပြင်ပသို့ Mpox (မျောက်ကျောက်) ရောဂါ စတင်ပျံ့နှံ့မှုအနေဖြင့် ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး အစွဲရေးနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ ဇွိတိန်တွင် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်၊ စင်ကာပူနိုင်ငံတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်ပျံ့နှံ့မှုကို တွေ့ရှိခဲ့ရသည်။

Mpox (မျောက်ကျောက်) ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် သတိပြုရမည့်ရောဂါတစ်ခုအဖြစ် သတ်မှတ်အလေးထားလာရသည့် အကြောင်းရင်းမှာ ယခင်က ရောဂါဖြစ်ပွားမှုမရှိခဲ့သော အာဖရိကဒေသ၏ပြင်ပနိုင်ငံများတွင်ပါ ရောဂါဖြစ်ပွားသူအရေအတွက် များပြားလာခြင်းကြောင့်ဖြစ်သည်။

Mpox(မျောက်ကျောက်)ရောဂါကူးစက်ပုံမှာ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ခြင်းနှင့် လူအချင်းချင်းကူးစက်ခြင်းဟု ကူးစက်ပုံနှစ်မျိုးရှိသည်။ ရောဂါပိုးသယ်ဆောင်ထားသည့် တိရစ္ဆာန်များ၏ သွေး၊ ဆီး၊ တံတွေး စသောခန္ဓာကိုယ်မှထွက်သည့် အရည်များ၊ အညစ်အကြေးများနှင့် အရေပြားပေါ်တွင်ရှိသော အနာခွက်များထွက်ရှိသောအရည်များ၊ အညစ်အကြေးများမှတစ်ဆင့် ကူးစက်သည်။ ထို့ပြင် ရောဂါရှိသူ အသက်ရှူထုတ်လိုက်သော အခါ အစက်အမှုန်များ အသက်ရှူလမ်းကြောင်းမှထွက်ရှိလာပြီး အနီးရှိလူများထံသို့ တိုက်ရိုက်ဝင်ရောက်ကူးစက်ခြင်းနှင့် ရောဂါရှိသူ၏အဝတ်အစား၊ အိပ်ရာ၊ အသုံးအဆောင်တို့တွင် တင်ကျန်နေသော ရောဂါပိုးများကိုကိုင်တွယ်မိပြီး လက်ကို စနစ်တကျမဆေးကြောမိဘဲ မိမိ၏ပါးစပ်၊ နှာခေါင်းတို့ကိုကိုင်တွယ်မိရာမှ ကူးစက်တတ်သည်။ ထို့ပြင် ရောဂါပိုးရှိသူမိခင်မှလည်း မိမိ၏သန္ဓေသားသို့ ကူးစက်နိုင်သည်။

Mpox(မျောက်ကျောက်)ရောဂါသည် ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်သည်။ ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခြင်း၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့တွင်ရှိသော ပြန်ရည်ကျိတ်များရောင်ရမ်းကြီးထွားခြင်း၊ နောက်ကျောများနာကျင်ခြင်း၊ ကြွက်သားများနာကျင်ခြင်းနှင့် အလွန်အမင်းအားအင်ကုန်ခန်းခြင်းတို့ဖြစ်သည်။ Mpox(မျောက်ကျောက်)ရောဂါသည် စတင်ဖျားပြီး တစ်ရက်မှ သုံးရက်တွင် အကွက်များထွက်လာတတ်သည်။ ကိုယ်ပေါ်မှာထက် မျက်နှာနှင့် ခြေ၊ လက်များတွင် ပို၍ထွက်တတ်သည်။ ထူးခြားချက်မှာ ကျောက်ရောဂါ၊ ရေကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ကဲ့သို့ အရေပြားပေါ်တွင် အရည်ကြည်ဖုများ၊ အကွက်များထွက်လာခြင်းတူသော်လည်း Mpox (မျောက်ကျောက်) ရောဂါတွင် အစောပိုင်းကာလ ရောဂါစတင်ဝင်ရောက်လာစဉ်ကတည်းက ပြန်ရည်ကျိတ်များ ရောင်ရမ်းကြီးထွားလာခြင်းဖြစ်သည်။

Mpox (မျောက်ကျောက်) ဗိုင်းရပ်စ်ပိုးမျိုးကွဲဖြစ်သည့် Clade I သည် ရောဂါဖြစ်ပွားသူလူနာ၏ အရည်ကြည်ဖုများ၊ ခန္ဓာကိုယ်မှထွက်သော အရည်များနှင့် ထိတွေ့မိခြင်း၊ ချောင်းဆိုးရာမှတစ်ဆင့် ကူးစက်ခြင်းတို့ဖြစ်ပွားတတ်ကြောင်းနှင့် ယခုအာဖရိကဒေသတွင်းနှင့် ဒေသပြင်ပတွင် ကူးစက်ဖြစ်ပွားနေသည့် မျောက်ကျောက်ဗိုင်းရပ်စ်ပိုးမျိုးကွဲဖြစ်သည့် Clade Ib သည် ရောဂါဖြစ်ပွားသူလူနာနှင့်အနီးကပ်ထိတွေ့မှုမှ တစ်ဆင့်သော်လည်းကောင်း၊ လိင်ဆက်ဆံရာမှတစ်ဆင့်သော်လည်းကောင်း အဓိကကူးစက်နိုင်ပြီး လိင်တူဆက်ဆံသူများ၊ လူနာနှင့်အနီးကပ်ထိတွေ့သော ကျန်းမာရေးဝန်ထမ်းများကို ကူးစက်ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက်များကို ထုတ်ပြန်ထားရှိရာ အထွေထွေအကြံပြုချက်များ၊ လူထုအတွင်းဆောင်ရွက်ရန် အကြံပြုချက်များ၊ ကျန်းမာရေးဌာနများတွင် လိုက်နာဆောင်ရွက်ရန် အကြံပြုချက်များနှင့် နိုင်ငံဖြတ်ကျော်ဝင်ထွက်ပေါက်များတွင် ဆောင်ရွက်ရန်အကြံပြုချက်များအား တိကျစွာထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အကြံပြုချက်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မျောက်ကျောက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၉-၈-၂၀၂၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၂ ခုနှစ် မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသ ပြင်ပရှိ နိုင်ငံတချို့တွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု (Multi-country outbreak) ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့် အနီစက်၊ အရည်ကြည်ဖုထွက်ခြင်းရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန(ရန်ကုန်)တွင် ဓာတ်ခွဲနမူနာများကို စစ်ဆေးခြင်းလုပ်ငန်းအား နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဆေးရုံများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်ထိ လူနာများ၏ ဓာတ်ခွဲနမူနာ ၁၂၉ ခုကို ဓာတ်ခွဲစစ်ဆေးရာတွင် Mpox(မျောက်ကျောက်)ရောဂါအတည်ပြုလူနာ တွေ့ရှိခြင်းမရှိသေးပါ။

အိမ်နီးချင်းနိုင်ငံနှင့် ဒေသတွင်းနိုင်ငံတချို့တွင် Mpox(မျောက်ကျောက်)ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများရှိနေသည်ကိုတွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox(မျောက်ကျောက်)ရောဂါကူးစက်ဝင်ရောက်ပြန့်ပွားမှုမရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox (မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေအလွန်နည်းပါးသည်။

မြန်မာနိုင်ငံတွင် Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေအလွန်နည်းပါးသော်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံဖြတ်ကျော်ဝင်ထွက်ပေါက်များအပါအဝင် လူထုအတွင်း Mpox (မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော်ဝင်ထွက်ပေါက်များတွင် ကျန်းမာရေးကြေညာချက်ပုံစံဖြည့်စွက်စိစစ်ခြင်း၊ ဖျားခြင်းနှင့် အနီစက်၊ အရည်ကြည်ဖုထွက်ခြင်းရောဂါလက္ခဏာလူနာသစ်တွေ့ရှိမှုနှင့် အစုလိုက်ဖြစ်ပွားမှုများအား သတင်းပေးပို့ခြင်း၊ ရေကျောက်ရောဂါ သံသယလက္ခဏာဖြစ်ပွားသူလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ရေကျောက်ရောဂါနှင့် မျောက်ကျောက်ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ သံသယလူနာများအား သီးခြားထားရှိကုသမှုပေးခြင်း၊ **စာမျက်နှာ ၉ သို့** ■

> **"Mpox (မျောက်ကျောက်) ရောဂါသည် ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်သည်။ ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခြင်း၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့တွင်ရှိသော ပြန်ရည်ကျိတ်များရောင်ရမ်းကြီးထွားခြင်း၊ နောက်ကျောများနာကျင်ခြင်း၊ ကြွက်သားများနာကျင်ခြင်းနှင့် အလွန်အမင်းအားအင်ကုန်ခန်းခြင်းတို့ဖြစ်သည်။ Mpox(မျောက်ကျောက်)ရောဂါသည် စတင်ဖျားပြီး တစ်ရက်မှ သုံးရက်တွင် အကွက်များထွက်လာတတ်သည်။ ကိုယ်ပေါ်မှာထက် မျက်နှာနှင့် ခြေ၊ လက်များတွင် ပို၍ထွက်တတ်သည်. . ."**

■စာမျက်နှာ ၈ မှအဆက်

ရောဂါကာကွယ် ကုသရေးအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးရန် အတွက် သတင်းကြေညာချက်တစ်ရပ် အမြန်ထုတ်ပြန်ခြင်း၊ နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများတွင် ဆောင်းပါးရေးသားဖော်ပြခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ ပြုစုဖြန့်ဝေခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။


အထက်ပါလုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုးနွဲ့ယဉ်ဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍လည်းကောင်း၊ လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထောက်ပံ့ပေးနိုင်ရေးအတွက်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဗိုင်းရပ်စ်ရောဂါပိုးများ၏ မျိုးရိုးဗီဇပြောင်းလဲတတ်သော သဘောသဘာဝအရ ရောဂါဖြစ်ပွားမှုကို သတိပြုကာကွယ်ရမည်ဖြစ်သည်။ မိဘပြည်သူများအနေဖြင့်-

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။
- လက်ကိုဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။ လူတို့၏ အသုံးအဆောင်ပစ္စည်းများ (မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...) ကို ရေ၊ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ။
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊
- လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ။

စသောရောဂါကာကွယ်ရေးနည်းလမ်းများကို သတိပြုလိုက်နာပြီး Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောက်ရွံ့စရာမလိုဘဲ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် နေထိုင်ကြရန်နှင့် Mpox(မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း သို့မဟုတ် ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ ကုသမှုခံယူရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ခရီးသွားဧည့်သည်ဦးရေ ၁ ဒသမ ၇ သန်းနီးပါး လာရောက်လည်ပတ်



မကွေး စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ခရီးသွားဧည့်သည်ဦးရေ ၁ ဒသမ ၇ သန်းနီးပါး လာရောက်လည်ပတ်ခဲ့ရာ ပြီးခဲ့သည့်နှစ်ကာလတူထက် ၂၈ ရာခိုင်နှုန်းခန့် ခရီးသွားလာရောက်မှုတိုးတက်လာကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း အထင်ကရနေရာများစွာရှိသည့်အပြင် သမိုင်းဝင်နေရာများလည်း တည်ရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။ ခရီးသွားဧည့်သည်များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မန်းလွှေစက်တော်ဘုရား၊ မြသလွန်စေတီတော်မြတ်ကြီး၊ မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်၊ ရေနံချောင်းမြို့နယ်အတွင်းရှိ ဂျပ်ကြားလမ်းနှင့် တံခါး ၉၉ ပေါက်အိမ် စသည့်နေရာတို့သို့ အများဆုံး လာရောက်လည်ပတ်ကြကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ် စတဲ့သမိုင်းဝင်နေရာတွေအပြင် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံတွေလည်းရှိပါတယ်။ အဲဒီနေရာတွေကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေ ပိုမိုသိရှိလာပြီး လာရောက်လည်ပတ် လေ့လာနိုင်စေဖို့ ဒစ်ဂျစ်တယ်နည်းပညာတွေ အသုံးပြုပြီးတော့ ကြော်ငြာတာတွေလည်း လုပ်ဆောင်နေပါတယ်။ မန်းရွှေစက်တော်ဘုရားလို ခရီးစဉ်ဒေသကိုလည်း ပြည်တွင်းခရီးသွားတွေအတွက် Eco Tourism Site တစ်ခုဖြစ်လာအောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မကွေးတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားဥယျန်ကြားမှုဦးစီးဌာနဒုတိယဥယျန်ကြားရေးမှူး ဦးမျိုးမင်းဦးကပြောသည်။

မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားဥယျန်ကြားမှုဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှုအရင်းအမြစ်များကို အခြေခံပြီး မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသတစ်ခု ဖြစ်လာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး စီမံဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် မကွေးတိုင်းဒေသကြီး၌ ဖွင့်လှစ်ထားသော တရားဝင်လုပ်ငန်းလိုင်စင်ရ ဟိုတယ်နှင့်တည်းခိုရိပ်သာပေါင်း ၄၀ ခန့်ရှိပြီး တိုင်းဒေသကြီးအတွင်း ခရီးသွားဧည့်သည်များ အဆင်ပြေစွာ တည်းခိုနိုင်စေရေးအတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ ဝန်ဆောင်မှုအရည်အသွေးကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

ကျွဲလမ်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

အိမ်မဲ စက်တင်ဘာ ၂

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျွဲလမ်းကျေးရွာမွာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မူယာစိုး၊ အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသိန်းတို့က သင်တန်းဖွင့်အမှာစကားများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသီးသီးပြောကြားကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို သင်တန်းသူ ၃၀ ဦးတက်ရောက်ပြီး သင်တန်းကို တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည်။

အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းအပြင် တခြားအသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)

ဓနုဖြူမြို့နယ် ပဲမျိုးစုံစျေးကွက်၌ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်

ဓနုဖြူ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ပဲမျိုးစုံစျေးကွက်၌ မြေပဲဆန်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးကဗျာ၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ် ပဲမျိုးစုံစျေးကွက်၌ သြဂုတ်လဒုတိယပတ်မှစတင်ပြီး မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာပြီး အဆိုပါမြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများမှ မြေပဲဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်သည်။

"လက်ရှိဓနုဖြူမြို့နယ် ပဲမျိုးစုံစျေးကွက်ထဲကို ဒေသထွက်မြေပဲဆန်တွေအပြင် တခြားဒေသက နွေမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ မြေပဲဆီထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က ကောင်းဖို့ပဲရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ လာမယ့်နိုဝင်ဘာလဆန်းလောက်မှ မြေပဲအသစ်တွေထပ်ပေါ်မှာကြောင့်ပါ။ မိုးမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်အရောင်းအဝယ်ကောင်းနေမှာပါ။ အခုလို မြေပဲဆန်တွေ အဝယ်လိုက်နေတဲ့အတွက် တောင်သူတွေအဆင်ပြေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလည်း အဆင်ပြေလာတာ တွေ့ရပါတယ်" ဟု ဒေါ်အေးကဗျာကပြောသည်။

ဓနုဖြူမြို့နယ်ရှိ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲတောင့် စသည်ဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်



■ ရှေ့ဖုံးမှအဆက်

မိုးရွာသွန်းပါက နှမ်းနှင့်အတူ ကြဲပက်စိုက်ပျိုးခဲ့သည့် ပဲစင်းငုံများ မြေဆွေးသကဲ့သို့ဖြစ်ကာ ပဲစင်းငုံအပင်များ ကောင်းလာပြီး အပင်ထက်အားကောင်းလာကြောင်း၊ ပဲစင်းငုံအပင်သက်တမ်းသည် ခုနှစ်လ၊ ရှစ်လကျော်ကြာမြင့်ကြောင်း ပဲစင်းငုံစိုက်တောင်သူများကပြောကြားသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ်တစ်မြို့နယ်လုံး ပဲစင်းငုံ ၁၁၃၅၆ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ဒီပါလင်း

တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်လှစ်

တောင်ကြီး စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုစင်တာ၌ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးဦးတင်လှိုင်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်သည့် နေရာဒေသများ မကျန်ရှိအောင် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတော်၏အနာဂတ်စီမံချက်များအတွက် အထောက်အကူဖြစ်စေရုံမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ နောက်ဆုံးအချက်ဖြစ်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲတွင်မဲစာရင်းမှန်ကန်စေရေးအတွက်လည်း အဓိကကျကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အဆင့် နည်းပြသင်တန်းတက်ရောက်မည့် စာရင်းစစ်သင်တန်းသား၊ သင်တန်းသူတစ်ဦးချင်းကမိတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးတက်ရောက်ပြီး သင်တန်းနည်းပြခြောက်ဦးက စက်တင်ဘာလ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် စက်တင်ဘာ ၂



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာနှင့်အိုင့်ကျယ်ကျေးရွာတို့၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေများဖြင့် တည်ဆောက်မည့် စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာကို စက်တင်ဘာလ ၁ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာများရှိ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးရှင်းလင်းမှာကြားသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေများဖြင့် သဖန်းချောင်းကျေးရွာ၊ ကျေးရွာပိုင်မြေ၌ အလျားပေ ၂၀၊ အနံ ၂၁ ပေရှိ တစ်ထပ်၊ အိုင့်ကျယ်ကျေးရွာ၊ အလျှူရှင် ဦးမောင်လှိုင်-ဒေါ်ပျိုတင်မိသားစုတို့၏လှူဒါန်းမြေ၌ အလျားပေ ၂၀၊ အနံ ၂၁ ပေရှိ တစ်ထပ်စာကြည့်တိုက်အဆောက်အအုံသစ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၃)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ (မိုး/၈လ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၂၄(အင်္ဂါနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာဝို့
၃။ ၇:၂၀ ဓမ္မပူဇောတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၁၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။၁၀:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၈။၁၁:၄၅ Movies and Movies
၉။၁၂:၀၀ (၃၈)ဖြာမင်္ဂလာ ဒါန၌၊ ဓမ္မာစရိယာ

အလုပ်အကြွေး

➡ ကော်ဖီပူပူ၊ ဟင်းချိုပူကို
ပူတုန်းမသောက်၊ နောက်ကျသောက်က
သောက်တိုင်းအေးစက်၊ ရသာပျက်လိမ့်။

➡ ကလောင်တစ်စင်း၊ အရောင်လင်းအောင်
ချက်ချင်းစာစီ၊ ဖွဲ့မသီက
မပီတွေးမှောက်၊ ကာရန်ပျောက်လိမ့်။

➡ ဝီရိယနည်း၊ လုံ့လမွဲနှင့်
ချိန်ဆွဲတွေဝေ၊ ပေါ့ပေါ့နေ၍
ဆင်ခြေတစ်ဖြာ၊ လှီးလွှဲကာလျှင်
ခါလွန်နောက်ကျ၊ လုပ်ငန်းစသော်
ရလဒ်မကောင်း၊ သူ့နောက်နှောင်းလိမ့်။

➡ မိုးရွာတုန်းမှာ၊ ရေခံပါလေ
လသာခိုက်တွင်၊ ဗိုင်းကိုင်ပါ့
စဉ်လာစကား၊ တန်ဖိုးထားလျက်
မှတ်သားရင်တွင်း၊ နှလုံးသွင်းလေ့
လက်ငင်းသင့်ထံ၊ ဘဝနှံသည့်
ပြုရန်အလုပ်၊ စမလုပ်က
အလုပ်အကြွေး၊ အနာဆွေးသို့
ကုရေးမလွယ်၊ လှိုက်စားတွယ်လိမ့်
ဘယ်မှာပုံရိပ်၊ လှမည်နည်း။ ။

ချစ်စုအောင်

သင်္ဃ (FM) အသံလွှင့်အစီအစဉ်

၃-၉-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသား၀ယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

❍ **အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ မှ**

နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကိုဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။ ထို့အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

● **အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ မှ**

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United League of Arakan(ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃.၃.၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၀)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉) ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးတည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁.၃.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United League of Arakan(ULA)/ Arakan Army(AA)လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူသို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသောအခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကိုဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့်မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြန်လည်ကျူးလွန်လာခဲ့သည့်အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။

၃။ သို့ပါ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁.၃.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊(၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခြင်းကိုပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တည်ဆောက်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်၍ ဘုရင့်နောင်ပန်းခြံတိုးချဲ့မြေနေရာတွင် ကွန်ကရိခင်းကျင်းထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ဘုရင့်နောင်တိုးချဲ့ပန်းခြံအကြား အုတ်ရေမြောင်းတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းရှိ သောင်ကြားချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကိုကြည့်ရှု၍ ရန်ကုန်-ပုသိမ်လမ်းအမှတ်(၁)သို့သွားရောက်၍ ရန်ကုန်-ပုသိမ်လမ်းတောင်ဘက်ခြမ်း ရေစုကန်ရေမြောင်းမှ ညောင်ချောင်းရေတံခါးသို့ ရေမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေပြီး လှိုင်မြစ်အတွင်းသို့ စီးဝင်စေရေး စက်ယန္တရားများအသုံးပြု၍ တိုးချဲ့ဖောက်လုပ်ရန် မှာကြားသည်။

ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်တံတားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၅၀၀)

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ (၂/၂၀၂၄-၂၀၂၅) အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဥက္ကဋ္ဌကြားရေးမှူးချုပ်နှင့် ဦးဆောင်ဥက္ကဋ္ဌကြားရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာသူများမှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။

အစည်းအဝေးသို့ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေအဆိုပြုလွှာများ လက်ခံရရှိမှုအခြေအနေကိုလည်းကောင်း၊ Participating Financial Institutions (PFI) ဘဏ်နှစ်ဘဏ်ဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ချေးငွေထုတ်ချေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဆီစက်ဖွံ့ဖြိုးရေးချေးငွေများ လျင်မြန်စွာတိုးချဲ့ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်၌ ဝါတွင်းကာလသီလခံယူပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၂

ထေရဝါဒဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ကုသိုလ်ပြုရာ ဝါတွင်းကာလအခါသမယ ဥပုသ်နေ့များတွင် ဘုရားဖူးလာအများပြည်သူတို့ ဥပုသ်သီတင်းသီလဆောက်တည်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က သြဝါဒါစရိယဆရာတော်ကြီးများကို အလှည့်ကျပင့်ဖိတ်၍ ဝါတွင်းကာလသီလခံယူပွဲများကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါတွင်းသီလခံယူပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ စေတီတော်ဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးအများပြည်သူတို့က ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဗဟန်းမြို့နယ် ကျိုက်သီမွန်ပါဠိ တက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေဠုလွဆံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ စေတီတော်ဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များနှင့် အလှူရှင်များက သြဝါဒါစရိယဆရာတော်ကြီးနှင့်ပင့်သံဃာ အရှင်သူမြတ်များထံ စေတနာသဒ္ဓါတရား ထက်သန်စွာ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က သြဝါဒါစရိယဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဥပုသ်သီတင်းသီလဆောက်တည်သူ အများပြည်သူတို့ကိုလည်း နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့မှ သိရသည်။ **ဝန်းရံခ**

ပဲခူးမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်လှစ်



ပဲခူး စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအေးအေးခိုင်တို့က ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ရွက်ပုန်းသီးအနုပညာရှင်များစွာ စဉ်ဆက်မပြတ်ပေါ်ထွက်လာမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများလည်း အစဉ်အမြဲ တိုးတက်ရှင်သန်ဖွံ့ဖြိုးနေမည်ဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှု အနုပညာကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ၏ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်များမြင့်မားတိုးတက်လာပြီး တိုင်းရင်းသားပြည်သူများအချင်းချင်း ချစ်ခင်ရင်းနှီးမှုမှသည် ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံတော်အဆင့်တွင် အောင်မြင်မှုများရရှိနိုင်ရေးမျှော်မှန်း၍ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ညောင်လေးပင်ခရိုင်မှ ဝါသနာရှင်(ဒုတိယတန်းအဆင့်) အဆို (မဟာဂီတ)ပြိုင်ပွဲဝင် မခင်ရတနာစိုးက “ကြိုနေမယ့်နေ့” သီချင်းဖြင့်လည်းကောင်း၊ ပြည်ခရိုင်မှ အခြေခံပညာအဆင့်(၁၅-၂၀)အကပြိုင်ပွဲဝင် မရွန်းလွဲလဝန်းထွန်းက “ပန်းရည်ဘဏ်တိုက်” သီချင်းဖြင့်လည်းကောင်း၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်က ဆိုင်းတီးခတ်၍ ပဲခူးခရိုင်မှ ဝါသနာရှင် (ပထမတန်းအဆင့်) အဆို (မဟာဂီတ)ပြိုင်ပွဲဝင် ဦးမင်းဟန်က “ကျေးရွာဝါဒ” သီချင်းဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧည့်ခံဖျော်ဖြေခဲ့သည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဒိုင်အဖွဲ့များ၊ နည်းပြများ၊ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုဘာသာရပ် အမျိုးအစား သုံးခု၊ အကဘာသာရပ်အမျိုးအစား လေးခု၊ အရေးဘာသာရပ်အမျိုးအစား နှစ်ခုနှင့် အတီးဘာသာရပ် အမျိုးအစား ၁၃ မျိုးတို့အား ပြိုင်ပွဲဝင် ၂၆၃ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၂ လက်မခန့် (၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/၉လ)

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအချက်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၈-၈-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၀-၅-၂၀၂၄ ရက်နေ့မှ ၁၆-၈-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၂၄ ဦး ပေါင်း ၂၅ ဦးအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၅၅ ဦးနှင့်သတင်းအချက်စီလုပ်ငန်း ၄၀၉ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအချက်စီလုပ်ငန်း ၅၅၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များစိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

➪ ကျောဖုံးမှအဆက်

ကချင်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် S Gun Lum က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်း၌ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဧရာဝတီရိန်းဂျားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေပြည်သာယူနိုက်တက်အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် ရန်ပိုင်လင်းထက်၊ ပွဲချိန် ၄၇ မိနစ်တွင် ဉာဏ်လင်းထက်နှင့် ပွဲချိန် ၄၉ မိနစ်၊ ၅၆ မိနစ်နှင့် ၆၂ မိနစ်တို့တွင် ချစ်ထွေးတို့က သွင်းယူနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရွှေပြည်သာယူနိုက်တက်အသင်းမှ ကျော်မြင့်ဝင်းက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် စက်တင်ဘာလ ၃ ရက်(**ယနေ့**)ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ချင်းလန်းအသင်းနှင့် University အသင်း၊ စလင်းအားကစားကွင်း၌ ငွေကြေးယပ်လွင့်လေးများအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

ထိန်းသိမ်းထားသင့်သော မြန်မာ့ဗဒေသဝါးတောခြုံများ

ကိုကျော်စွာ(ကျိုက်ပိ)

ဝါးသည် မြန်မာလူမျိုးတို့အတွက် အသုံးပြုမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံး ဟုသိရသည်။ ဝါးကိုမြန်မာ့လူနေမှုစနစ်တွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိသည်။ လူနေအိမ်များဆောက်လုပ်ရာတွင် ဝါးကိုအသုံးပြုကြသည်။ အခြားသောလူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း သုံးလေ့ရှိသည်။ အချို့သော မြန်မာ့လက်မှုပစ္စည်းများသည်လည်း ဝါးကိုအခြေခံ၍ ပြုလုပ်ကြသည်။ ဥပမာ-မြန်မာ့ယွန်းထည်ပစ္စည်းများပင်ဖြစ်သည်။

မြက်အနွယ်ဝင်ဝါး

ဝါးနှင့်ပတ်သက်၍ လူ့အသုံးအဆောင်ပစ္စည်းများကို လူတို့သည် နေ့စဉ်သော်လည်းကောင်း၊ ရံဖန်ရံခါသော်လည်းကောင်း အသုံးပြုနေကြသော်လည်းဝါးကို လူ့အသုံးအဆောင်ပစ္စည်းပြုလုပ်သော အရာအဖြစ်သာ သိထားကြသည်။ အခြားအသုံးဝင်မှုများကိုမူ သတိမမူမိကြပေ။ တကယ်တမ်းတော့ဝါးသည် လူ့အသုံးအဆောင် ပစ္စည်းပြုလုပ်ရာတွင် အသုံးပြုနိုင်သလို အခြားသော အသုံးဝင်မှုများလည်းရှိသည်။

ဝါးသည်မြက်အနွယ်ဝင်ဖြစ်သည်ဟုဆိုကြသည်။ မြက်တို့သည် အစေ့မှပေါက်သောအခါ အခြားအပင်များနည်းတူ အမြစ်များနှင့် ပင်တံတစ်ခုတည်းထွက်သော အမျိုးကနည်း၏။ အတက်ထွက်၍သော်လည်းကောင်း၊ အစုလိုက်အပြုံလိုက် အရုံလိုက်သော်လည်းကောင်း ပေါက် လေ့ရှိသည်။ အချို့ကား မြေအောက်တွင် ရိုင်ဇုိမ်ခေါ် ပင်တံဖွဲ့၍ ထိုပင်တံမှ အတက်နှင့် အခြားအပင်များနည်းတူ အကိုင်းများ ပေါက်စေ၏။ ဝါးသည်လည်း ဤနည်းအတိုင်း ပေါက်လေ့ရှိသည်။ ကမ္ဘာဦးအစက ရေညှိရေမှော်လေးများမှတစ်ဆင့် မြက်ပင်ဖြစ်လာသည်။ ဝါးပင်သည်ထိုမြက်ပင်ကလေးများမှ တစ်ဆင့်ဖြစ်လာသည့် မြက်ကြီးပင်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဝါးပင်ဖွဲ့စည်းပုံ

ဝါးသည်အရုံလိုက် အစုလိုက်ပေါက်လေ့ရှိသည်။ အောက်ခြေရှင်းသည်။ ပင်စည်တစ်ဝက်ကျော်မှစ၍ အကိုင်းအတက်များဖြာ၍ အထက်သို့တက်၏။ အမြင့်အားဖြင့် ပေ ၈၀ မှ ၉၀ အထိရှိသည်။ လုံးပတ်မှာမူ ၉ လက်မမှ ၁ ပေခွဲ အထိရှိတတ်သည်။ အဆစ်ကြားအလျားမှာ ၁၂ လက်မ မှ ၃၁ လက်မ အထိရှိတတ်ပြီး အရင်းပိုင်းက အသားထူ၍ အဖျားပိုင်းက အသားပါးသည်။ ဝါးပင်သည် နှစ် ၆၀ မှ ၉၀ အတွင်းသုဉ်းသည်ဟုသိရသည်။

ဝါးပင်တို့၏ သဘာဝ

ဝါးပင်ကို အကြမ်းအားဖြင့် အုပ်စုသုံးစုခွဲခြားထားသည်။ (၁)တစ်ပင်ချင်းပေါက်သောဝါး၊ (၂)အစုလိုက်ပေါက်သောဝါး၊ (၃)အထက်ပါ အစုနှစ်စုပေါင်းစပ်ပေါက်သော စကဝါးဟူ၍ဖြစ်သည်။ ဝါးပင်၏ သဘာဝသည် စည်းလုံးခြင်း သဘောရှိသည်။ အတွန့်နည်း၏။ အဘယ်ကြောင့်ဆိုသော် ဝါးပင်များစွာပေါက်ရောက်သောနေရာတွင် အခြားသော သစ်ပင်တို့ကိုလည်းရှင်သန်ခွင့်ပေးသည်။

ဝါးပင်သည် နှစ်ပေါင်း ၄၀ မှ ၆၀ ကြာသော အခါ အသီးသီးပြီး ဝါးပင်သည်သေသွားလေ့ရှိသည်။ "ပေတစ်သီး ကျီးတစ်သား" ဟုဆိုသလို ဝါးပင်သည်လည်း တစ်သီးသီးပြီး သေလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးပေါင်း ၂၂ မျိုးနှင့် မျိုးစိတ်ပေါင်း



၁၂၀ ခန့်ရှိကြောင်းသိရသည်။ ဝါးပင်သည်ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင် အများဆုံးပေါက်ရောက်သည်။ အပူချိန်အားဖြင့် ၁၁ ဒီဂရီဖာရင်ဟိုက် မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ မိုးရေချိန်အားဖြင့်တော့ ၃၁ လက်မ မှ ၂၅၄ လက်မ အတွင်း ရေမဝပ်သောမြေနှင့် ဆားငန်မြေမှလွဲ၍ ရှင်သန်ပေါက်ရောက်နိုင်သည်။

ဝါးအမျိုးအစားများ

ဝါးသည်မြက်အနွယ်အဝင်ဖြစ်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ မြက်အမျိုးပေါင်း ၄၂၀ ခန့်ရှိသည့်အနက် ထိုအထဲတွင် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်သည်ဟုဆိုသည်။ ထိုအမျိုးပေါင်းများစွာထဲကမှ မြန်မာ့စွယ်စုံကျမ်းတွင် ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးပိုး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ ကြလိုဝါး၊ တင်းဝါး၊ ကရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီးနှင့်ထီးရိုးဝါးတို့ကိုသာဖော်ပြထားသည်။ ထိုဝါးအမျိုးအစားများထဲက အနည်းငယ်ကိုထုတ်နုတ်ဖော်ပြချင်ပါသည်။

ဝါးပိုးမျက်ဆန်ကျယ် – ဝါးကြီးမျိုးဖြစ်၍ အရင်းခံပင်လုံးသည် တစ်ပေခွဲ နှစ်ပေနီးပါးရှိ၏။ တောတောင် ထူထပ်သောဒေသများတွင်ပေါက်လေ့ရှိသည်။ အများအပြားပေါက်လေ့မရှိပေ။

မြင်ဝါး – အသားထူ၍ အခေါင်းသေး၏။ အရင်းလုံးပတ် ခုနစ်လက်မ၊ ရှစ်လက်မအထိရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင်ပေါက်သည်။

ဝါးပိုးဝါး – ထိုဝါးကိုအိမ်ခြံမြေနှင့် ဥယျာဉ်ခြံအတွင်းစိုက်လေ့ရှိသည်။ တောထဲတွင်ပေါက်ရောက်မှုနည်းပါး၏။ ဝါးပိုးဝါးကို မျှစ်အဖြစ်စားသုံးနိုင်သည်။

ဝါးယား သို့မဟုတ် ဝါးနက် – ထိုဝါးကို အောက်မြန်မာနိုင်ငံနှင့် ချောင်းကမ်းပါးဘေးများတွင် တွေ့ရတတ်သည်။

ဝါးဖြူ – ထိုဝါးသည်အေးသောတောတောင်များတွင် ပေါက်လေ့ရှိသည်။ သို့သော် မပေါများပေ။

ကရင်ဝါး– ထိုဝါးသည် လုံးပတ် ၁၁ လက်မမှ ၁၂ လက်မအထိရှိ၏။ ကရင်ဝါးကို ရခိုင်ရိုးမ တောင်တန်းများတွင် များသောအားဖြင့်တွေ့ရသည်။

အထက်ဖော်ပြပါဝါးတို့သည် ဝါးအမျိုးအစားအကုန်မဟုတ်ပေ။ အနည်းငယ်သာဖော်ပြခြင်းဖြစ်ပါသည်။ အလုံးစုံသိလိုပါက မြန်မာ့စွယ်စုံကျမ်းတွင် ရှုကြပါကုန်။

ဝါး၏အသုံးဝင်ပုံနှင့် ဝါးလက်မှုပစ္စည်းများ

မြန်မာလူမျိုးတို့သည် ဝါးများနုစဉ်အခါတွင် မျှစ်အဖြစ်ပြုလုပ်၍လည်း ကြော်ချက်စားကြသည်။ မြန်မာလူမျိုးတို့၏ ရိုးရာအိမ်ဆောက်ရာတွင်လည်း ဝါးသည် မပါမဖြစ်ပေ။ ဝါးပိုးဝါး၊ ဝါးနက်ဝါး၊ ကရင်ဝါး၊ ဝါဖြူဝါးစသည့်ဝါးများကို အိမ်ဆောက်ရာတွင်အသုံးပြုလေ့ရှိကြသည်။ အချို့က စားသောက်ဆိုင်များကိုပင် ဝါးများဖြင့် အလှဆင်ဆောက်လုပ်ကြသည်။ ဝါးကိုရက်၍ ဝါးထရံအဖြစ်အိမ်ကာခြင်း၊ မင်းကွန်းဘက်သို့ စာရေးသူရောက်ခဲ့စဉ်က မင်းကွန်းဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းတွင် ဝါးကိုရက်၍ အမိုးပြုလုပ်ထားသည်ကို တွေ့ခဲ့ရသည်။ အချို့ကဝါးပိုးခြမ်းများဖြင့် အိမ်မိုးသည်များလည်းရှိသည်။

ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းများစွာလည်းရှိသည်။ ဝါးဖြင့်ပြုလုပ်သောလက်မှုပစ္စည်းများမှာ တောင်း၊ ဆန်ကောဆန်ခါ၊ ဝါးကုလားထိုင်များ၊ ဝါးခမောက်များ စသည်တို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင်ပြုလုပ်သော နာမည်ကျော် ပုသိမ်ထီးအကြမ်းထည်ကိုလည်း ဝါးဖြင့်ပြုလုပ်ခြင်းဖြစ်သည်။ ဒဲ့အပြင် ဝါးကိုနှိုးဖြာပြီး လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ရာတွင် ပုဂံဒေသညောင်ဦးမြို့၏ မြန်မာ့လက်မှု ပစ္စည်းဖြစ်သော ယွန်းထည်သည် အပါအဝင်ဖြစ်ပြီး မြန်မာ့လက်မှုအနုပညာပစ္စည်းတစ်ခုအဖြစ် ကမ္ဘာကျော်ခဲ့သည်။ ယနေ့ခေတ်တွင်မူ ဝါးကိုနှိုးဖြာ၍ ဗုဒ္ဓဆင်းတုတော်များကိုပင်ပြုလုပ်လာခဲ့ကြသည်။ နီးဘုရားဟုခေါ်ကြသည်။ ဝါး၏ အသုံးဝင်ပုံနှင့် ဝါးလက်မှုပစ္စည်းလက်မှုပညာများသည် ဤမျှသာမဟုတ်ပေ။ များပြားစွာရှိပါသေးသည်။

ခွဲခြားမရပါ ဝါးနှင့်မြန်မာ

ဝါးသည် မြန်မာလူမျိုးတို့နှင့် ခွဲမရပေ။ အိမ်ဆောက်ရာတွင်လည်းဝါးပါသည်။ ရှေးယခင်မှ ယခုချိန်အထိ နေအိမ်များဆောက်လုပ်ရာတွင် ဝါးသည်မပါမဖြစ်ပေ။ ဝါးကိုမျှစ်ပြုလုပ်၍လည်း စားကြသည်။ ဝါးနှင့်မြန်မာသည်ကား အတူတူဟုပင် ဆိုရပေမည်။ ထို့ပြင်တချို့က ဝါးကိုကြမ်းခင်းလုပ်၍ လည်းအိပ်ကြသည်။ ထို့ကြောင့် ဝါးနှင့်မြန်မာ့အိမ်အတူတူပင်ဖြစ်သည်။ တော်သလင်းလလို အချိန်မျိုးတွင် မြစ်အတွင်းဝါးများကို ဖောင်ဖွဲ့၍ စုန်ဆင်းလေ့ရှိကြသည်။ ထိုဝါးဖောင်ပေါ်တွင် တဲအိမ်လေးများဖြင့် နေကြသည်။ ထို့ကြောင့် ဝါးနှင့်မြန်မာခွဲခြားခြင်းမရဟုဆိုခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့် မြန်မာ့ဝါး

ဝါးပင်များသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူ၍ အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်ထုတ်ပေးသည်။ အစိုဓာတ်ကိုလည်း စုပ်ယူသဖြင့် ခြောက်သွေ့သောအချိန်တွင် အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ထို့ကြောင့်ပင် ပူပြင်းသောနွေရာသီတွင် ဝါးပင်အောက်တွင်နေပါက အပူသက်သာ၍အေးမြစေသည်။ ဝါးပင်များသည်လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနိုင်စွမ်းရှိသည်။

၂၀၁၀ ခုနှစ် ဧကသို့မဟုတ် တစ်ဟတ်တာ ကျယ်ပြန့်သော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၆၂ တန် အထိစုပ်နိုင်သည်ဟုဆိုသည်။ ဝါးပင်၏ ထူးခြားမှုတစ်ခုမှာ အခြားသစ်တောတစ်ဟတ်တာသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ၁၅ တန်ခန့် လောက်သာ စုပ်ယူနိုင်သော်လည်း ဝါးတစ်ဟတ်တာကမူ ၆၂ တန်ခန့်စုပ်ယူနိုင်ပြီး အခြားသစ်ပင်များထက် သုံးဆကျော်ပိုမိုစုပ်ယူနိုင်သည်။

ဒဲ့အပြင် ဝါးပင်ကိုစိုက်ပျိုးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာကိုထိန်းသိမ်းနိုင်ခြင်း၊ လေထုညစ်ညမ်းမှုကိုကာကွယ်နိုင်ခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့ကို အခြားအပင်များထက် သုံးဆထုတ်ပေးနိုင်ခြင်း၊ ရာသီဥတုမျှတစေခြင်းနှင့် သက်ရှိဇီဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်ရှင်သန်စေခြင်း စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်းကျိုးများကိုဖြစ်ထွန်းစေသည်။ ဝါးရွက်အပါအဝင် အပင်အလေးချိန်သည် လေးပုံတစ်ပုံ ဧီဝမြေဩဇာဖြစ်စေသည်ဟုလည်းသိရသည်။ ဝါးပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းပါက ကမ္ဘာကြီးသည် သက်ရှိများအတွက် အေးချမ်းသော ဘုံဗိမာန်လေးတစ်ခုဖြစ်လာမည်မှာ မလွဲပေ။

လူသားနှင့်ဝါးသမိုင်း၊ ဝါးယဉ်ကျေးမှု

ကမ္ဘာပေါ်တွင်လူသားတို့၏ ယဉ်ကျေးမှုနှင့် ဝါးသည်ဆက်စပ်လျက်ရှိသည်။ လူသားတို့သည် ယဉ်ကျေးမှုနှင့် အလှမ်းဝေးသော ရှေးပဝေသဏီက အသားစိမ်း၊ ငါးစိမ်းများကိုသာ စားခဲ့ကြသည်။ သို့သော် ဝါးပင်တို့ပွတ်တိုက်ရာမှ မီးကိုစတင်တွေ့ရှိခဲ့ကြ၍ သားငါးတို့ကို မီးဖုတ်မီးကင်၍ ယနေ့ခေတ် ချက်ပြုတ်စားသောက်သည်အထိ တိုးတက်လာခဲ့သည်။ ဒါသည်ပင်ဝါးကိုအခြေခံ၍စခဲ့သော ယဉ်ကျေးမှုတစ်ခုပင်ဖြစ်သည်။

ကမ္ဘာ့အရှေ့နိုင်ငံများဖြစ်ကြသော ဂျပန်၊ ကိုရီးယားနှင့်တရုတ်နိုင်ငံတို့တွင် ရှေးနှစ်ပေါင်းများကတည်းက ဝါးယဉ်ကျေးမှုထွန်းကားခဲ့သည်ဟုသိရသည်။ ဂျပန်လူမျိုးတို့၏ အဓိကရိုးရာပွဲများတွင် ဝါးသည် မြန်မာတို့အုန်း၊ ငှက်ပျောပွဲကဲ့သို့အရေးပါကြောင်းသိရသည်။ မြန်မာဘုရင်များလက်ထက်တွင် မည်မျှပင်ချမ်းသာစေကာမူ ဝါးနှင့်ပတ်သက်သော

စာမျက်နှာ ၁၄ သို့ ❐

❐ စာမျက်နှာ ၁၃ မှအဆက်

ဆန်ကောဆန်ခါ၊ ခြင်းတောင်းများကိုအသုံးပြုကြသည်။ တရုတ်ပြည်၌မူ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ကခေတ်၊ ကြေးခေတ်ကတည်းက ဝါးကိုအသုံးပြုခဲ့သည်ဟုသိရသည်။ မြန်မာ့ရာဇဝင်တွင်လည်း ဝါးနှင့်ပတ်သက်သော "ဝေဠုဝတီမင်းသမီး" ဟူ၍ရှိခဲ့သည်။ ထိုမင်းသမီးကို ဝါးပင်မှာ သံသေဓေပဋ္ဌေးနွေဖြင့် မွေးဖွားခြင်းဖြစ်သည်။

ဝါးသည်သမိုင်းနှင့်ယဉ်ကျေးမှုတွင်သာမကပေ။ ကဗျာစာပေ၊ ဂီတ၊ ပန်းချီစသည့်အနုပညာဘက်တွင်လည်းမပါမဖြစ်ပေ။ မြန်မာ့ဂီတအနုပညာတွင် ဝါးလက်ခုပ်၊ ဝါးပလွေ၊ ဝါးပတ္တလားစသည်တို့ရှိသည်။ စာပေနှင့်ပတ်သက်၍လည်း တရုတ်ပြည် ဂျင်(Jing)မင်းဆက်ခေတ် သက္ကရာဇ် ၂၆၅-၃၁၆ တွင် Kaizi Dai ဆိုသူက ဝါးအဘိဓာန်စာအုပ်ကို ရေးသားခဲ့သည်ဟုသိရသည်။ ဝါးကို အမှတ်သင်္ကေတအဖြစ် ပန်းချီနှင့်အနုပညာတွင် ရေးသွင်းခဲ့သော အပင်လေးမျိုးရှိသည်။ ထိုလေးမျိုးတွင် ဝါးပင်ပါဝင်သည်ဟုဆိုသည်။ တရုတ်စာပေများ ရေးသားရာတွင်လည်း ဝါးစုတ်တံဖြင့်သာရေးသားသည်ဟုဆိုသည်။ တရုတ်နိုင်ငံတွင် ပထမဦးဆုံးစာအုပ်ကို ဝါးပြားပေါ်တွင်ရေးခဲ့သည်ဟု မှတ်တမ်းများအရသိရသည်။

ဝါးနှင့် စီးပွားရေး

ကမ္ဘာပေါ်ရှိလူဦးရေ သန်း ၆၀၀ သည်ဝါးကို အမှီပြုနေကြသည်ဟုဆောင်းပါးတစ်ပုဒ်တွင်ဖတ်ခဲ့ဖူးသည်။ ဝါးကိုစနစ်တကျစိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံရှိလူဦးရေအချို့သည် အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိကြသည်။ စာရေးသူတို့ဒေသတွင် ဝါးကိုခွဲစိတ်၍ ဝါးထရံရက်လုပ်ခြင်း၊ ယခင်ကဆိုလျှင် စပါးပုတ်ရက်လုပ်ခြင်း စသည့်အလုပ်များဖြင့် စီးပွားရှာခဲ့ကြသည်။ ကျေးလက်ဒေသရှိ ဥယျာဉ်မြေများတွင်မူဝါးရုံများကို စိုက်ပျိုးထားလေ့ရှိသည်။ အချို့သောဒေသများတွင် ဝါးကိုမီးသွေးဖုတ်ကြသည်။ တရုတ်နိုင်ငံတွင် ဝါးမီးသွေးဖြင့် အစားအသောက်၊ အလှကုန်၊ ဆပ်ပြာ၊ ဆေးဝါး စသည့် ကုန်ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်ရောင်းချကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်မူ ဝါးမျှစ်သည်လည်း မြန်မာ့ဝါး၏ စီးပွားရေးစွေးကွက်ဟု ဆိုရပေမည်။ စာရေးသူတို့နိုင်ငံတွင် ဝါးကုလားထိုင်၊ ဝါးအိပ်စင်များ ပြုလုပ်ရောင်းချကြသည်။ အခြားစီးပွားရေးတစ်ခုကတော့ မြန်မာ့ယွန်းထည်ဖြစ်သည်။ ဝါးဖြင့်ပြုလုပ်သော မြန်မာ့လက်မှုအနုပညာဖြစ်ပြီး နိုင်ငံခြားဝင်ငွေပင်ရရှိနိုင်သော ဝါးထည်လက်မှုပညာတစ်ခုပင်ဖြစ်သည်။ ယခုအခါဂျပန်နိုင်ငံသို့ မြန်မာ့မျှစ်ခြောက်ကိုတင်ပို့ရောင်းချကြောင်းသိရသည်။ ဝါးသည် စီးပွားရေးစွေးကွက်တစ်ခုဖြစ်လာသော်လည်း အလွန်အကျွံခုတ်ယူသုံးစွဲခြင်းတော့ မပြုသင့်ပေ။

နိဂုံးချုပ်အနေအားဖြင့် ဝါးပင်သည် လူသားတို့၏ယဉ်ကျေးမှုနှင့်ဆက်နွယ်မှုရှိနေသည့်အပြင် မြန်မာ့လက်မှုပညာများဖြင့်လည်းပတ်သက်မှုရှိနေပြန်သည်။ ဝါးပင်များသည် မြန်မာလူမျိုးတို့အတွက်သာမက ကမ္ဘာသူကမ္ဘာသားတို့အတွက် များစွာအကျိုးပြုလျက်ရှိသည်။ ဝါးနှင့်ပြုလုပ်သောလက်မှုလုပ်ငန်းများသည် လူသားတို့၏ အကျိုးစီးပွားကိုလည်း တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်သလိုစာပေဂီတနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင်လည်းဝါးပင်သည် အဓိကပါဝင်လျက်ရှိသလို ဘာသာရေးဆိုင်ရာဘုရားဆင်းတုတော်များ ပြုလုပ်ရာတွင်လည်း ဝါးကိုအသုံးပြုကြရပြန်သည်။

ထိုသို့အဘက်ဘက်မှ အသုံးဝင်လျက်ရှိသော ဝါးပင်ကို အစဉ်ထိန်းသိမ်းသင့်သည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

မိုးမြေပဲယှဉ်ပြိုင်စမ်းသပ်ကွက်များ ရိတ်သိမ်း



မိုးနဲ့ စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွယ်ယုကာကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသနနှင့် တောင်သူများပူးပေါင်းကာ မြေပဲမျိုးခြောက်မျိုးကို ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ရာ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် စမ်းသပ်ကွက်များကို ရိတ်သိမ်းကြောင်းသိရသည်။

ထိုသို့ ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့်ဝန်ထမ်းများ၊ လွိုင်ချိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လုံးပုညနှင့် စမ်းသပ်ကွက်စိုက်ပျိုးထားသူ တောင်သူများက သတ်မှတ်စံနှုန်းဖြင့် စံကွက်ရိတ်သိမ်းကြသည်။ တောင်သူများ ကိုယ်တိုင်မျိုးရွေးချယ်စမ်းသပ်စိုက်ပျိုးခဲ့သော ဆင်းပဒေသာ(၁၁-၁၄-၁၅-၁၆)၊ YZG-20042 မျိုးတို့မှာ စံထားစိုက်ပျိုးသည့် ဒေသမျိုးရင်း (ဂျပန်ကလေး)ထက် အထွက်နှုန်းပိုမိုကောင်းမွန်ခြင်း၊ ရောဂါကျရောက်မှုမရှိခြင်းတို့ကြောင့် တောင်သူများကြိုက်နှစ်သက်ကြပြီး ယှဉ်ပြိုင်စမ်းသပ်ကွက်များအနက် ဆင်းပဒေသာ-၁၆ မျိုးသည်အပင်ပေါက်ရာခိုင်နှုန်းကောင်းခြင်း၊ တစ်ပင်ပါသီးတောင့်ပိုမိုခြင်းနှင့်အထွက်နှုန်းအမြင့်မားဆုံးဖြစ်ခြင်းတို့ကြောင့် တောင်သူများဆင်းပဒေသာ-၁၆ မျိုးကို ပိုမိုကြိုက်နှစ်သက်ကြောင်း စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

မျိုးညွှန်ကြားရေး(မိုးနဲ)

မင်းဘူးမြို့နယ်၌ VRFP စိမံကိန်းရန်ပုံငွေများ ပဉ္စမအကြိမ်ထုတ်ချေး

မင်းဘူး စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် ကံသစ်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကံသစ်ကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး ဦးစီးအရာရှိဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့များက ကံသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၁ ဦးထံသို့ ရန်ပုံငွေ ၃၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးထံသို့ ရန်ပုံငွေ ၂၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၀ ဦးထံသို့ ရန်ပုံငွေ ၃၆၃ သိန်းကို တစ်ဦးချင်းထုတ်ချေးပေးကြောင်းသိရသည်။ **ဇင်မာ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၀၇၈၊ ၀၆၃- ၂၀၂၈၀၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၄၄၅၊ ၀၂- ၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(၈) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၄- ၂၅၅၀၀၂၅၁၊ ၀၄- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၁၉) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများနှင့် အကြုံအလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

(၁၉) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများ (19th ASIA MEDIA SUMMIT & ASSOCIATED MEETINGS) ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(AIBD) မှ စီစဉ်ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်ဆွေးနွေးကြသည်။



အဆိုပါ ထိပ်သီးညီလာခံကို “Media : The New Odyssey ” ဆောင်ပုဒ်နှင့်အညီ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများနှင့် မီဒီယာနှင့် ရုပ်သံထုတ်လွှင့်မှုများ၊ AI ၏ ရှုထောင့် အမျိုးမျိုး၊ သင်ယူခြင်းနှင့် တိုးတက်မှုများအတွက် ပူးပေါင်းအားထုတ်မှုများကို ယင်းထိပ်သီးညီလာခံအကြို ဆက်စပ်အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စုစုပေါင်းအကြောင်းအရာ ၁၀ ခုဖြင့် စီစဉ်ကျင်းပရာ အာရှ-ပစိဖိတ်ဒေသမှ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ မီဒီယာကဏ္ဍ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၊ ပညာရေးပိုင်း ဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင် သူများ၊ အာရှ-ပစိဖိတ် ဒေသတွင်းမှ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်အနေဖြင့် စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် IPPTAR , Angkasapuri ၌ ကျင်းပသည့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ခြင်းနှင့် မီဒီယာသိနားလည်မှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မွန်းလွဲပိုင်းတွင် Sheraton Hotel ၌ ကျင်းပသည့် 22nd AIBD General Conference သို့ တက်ရောက်သည်။

ဆက်လက်၍ စက်တင်ဘာလ ၂ ရက်တွင် IPPTAR Training Room ၌ ကျင်းပသည့် ထိခိုက်လွယ်အုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှုမြှင့်တင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Pre-Summit Workshop on Promoting Media Accessibility for Vulnerable Groups)ကို အပိုင်းလေးပိုင်းဖြင့် ကျင်းပရာ ထိခိုက်လွယ်သောအုပ်စုများနှင့် စည်းရုံးရေးဗျူဟာများအတွက် မီဒီယာအရေးပါမှု၊ မီဒီယာ Content များ ဖန်တီးမှုအတွက် အကောင်းဆုံးအလေ့အထများ၊ ထိခိုက်လွယ်သော အုပ်စုများအတွက် အားလုံးပါဝင်သော ရုပ်သံထုတ်လွှင့်ခြင်း၊ ထိခိုက်လွယ်သော အုပ်စုများအတွက် မီဒီယာကဏ္ဍမြှင့်တင်ခြင်း စသည့်အကြောင်းအရာများအလိုက် ဦးစွာဆွေးနွေးကြပြီး နိုင်ငံများအလိုက် အတွေ့အကြုံမျှဝေသည့်အစီအစဉ်ကို ဆက်လက်ကျင်းပရာ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ မလေးရှားနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့ ပါဝင်ဆွေးနွေးကြရာ မြန်မာနိုင်ငံအကြောင်းအရာအား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ထိခိုက်လွယ်သော အုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှုမြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသည်။

ထို့ပြင် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် တစ်ပြိုင်တည်းကျင်းပသည့် သတင်းခန်းများတွင် AI အသုံးပြုမှုဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် ရုပ်သံထုတ်လွှင့်မှုအရွေ့တွင် 5G trends ဖြင့် 4K ထုတ်လွှင့်မှုဆိုင်ရာ ဒေသအဆင့်အလုပ်ရုံဆွေးနွေးပွဲများသို့လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိဦးမြင့်လှိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်တို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အာရှမီဒီယာ ထိပ်သီးညီလာခံသည် ထင်ရှားကျော်ကြားသည့် Media Event တစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင်းရှိ မီဒီယာလုပ်ငန်းများ ချိတ်ဆက်ရန်၊ အသိပညာဗဟုသုတများ ဆွေးနွေးမျှဝေရန်နှင့် ရုပ်သံလွှင့်လုပ်ငန်းများ၏ အနာဂတ်ကို ဆွေးနွေးရန် မီဒီယာကျွမ်းကျင်သူများအတွက် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD)ကို ၁၉၇၇ ခုနှစ်တွင် ယူနက်စကို၏ ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုပ်/သံထုတ်လွှင့်မှုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုကိုလုပ်ဆောင်ရန် ကတိကဝတ် ပြုထားသောဒေသဆိုင်ရာ အစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ရာ အာရှ-ပစိဖိတ်ဒေသတွင် တက်ကြွ၍ ညီညွတ်သော အီလက်ထရွန်နစ်မီဒီယာဝန်းကျင်မြှင့်တင်မှုတွင် အခရာကျသည့် အခန်းကဏ္ဍတွင် ရုပ်တည်လျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် AIBD သို့ တင်းပြည့်အဖွဲ့ဝင် (full membership) အဖြစ် ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အသင်းဝင်စည်းကမ်းများနှင့်ကိုက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ AIBD မှ စီစဉ်ကျင်းပသည့် သင်တန်းများ၊ အစည်းအဝေးများ၊ Seminar များ၊ Conference များနှင့် Online မှ ပြုလုပ်သော သင်တန်းများသို့ သက်ဆိုင်ရာ ပညာရပ်အလိုက်ဝန်ထမ်းများ ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ယခုနှစ် ဆောင်းရာသီတွင် နေကြာ ဧက ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည်

နေပြည်တော် စက်တင်ဘာ ၂

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေကြာသီးနှံဧက သုံးသန်းကျော် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က နေကြာသီးနှံဧက ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဆောင်းရာသီတွင် ဧက ၁၄၇၀၀ တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နေကြာသီးနှံသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏ အချိုးအစားမြင့်မားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာလတိုအတွင်း တိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းခြင်း၊ အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ပါက ဆီထွက်ရာခိုင်နှုန်းပိုမိုများပြားခြင်း စသည့်အားသာချက်များကြောင့် တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေခြင်းဖြစ်သည်။

“ဆီထွက်သီးနှံ နေကြာဧက သုံးသန်းကျော် စိုက်ပျိုးဆောင်ရွက်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့တယ်။ ဒီလို စိုက်ပျိုးခဲ့တဲ့အပေါ် ဒီနှစ်မှာ ဧက ၁၄၇၀၀ လောက် တိုးချဲ့စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်တွေမှာလည်း ဧကကို တဖြည်းဖြည်းချင်း တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပြီး တော့ သုံးနှစ်မြောက်တဲ့နှစ်မှာ ဧကသုံးသန်းရရှိအောင် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ အဓိက ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်က မြန်မာနိုင်ငံမှာ သီးထပ်စိုက်တဲ့ ဧရိယာတွေမှာ ရေရှိရေးလုပ်ငန်းကို စီမံဆောင်ရွက်ပြီးတာနဲ့ နေကြာဧက သုံးသန်း ပြည့်မီရေးကို ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။

အဓိက နေကြာမျိုးတွေရရှိရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနတွေနဲ့ ချိတ်ဆက်ပြီး မြေပြင်မှာကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်က မျိုးဆောင်ရွက်ခဲ့တဲ့ နေကြာဧက ၁ ဒသမ ၀၈ သန်းအပေါ်မှာ ဧက ၁၄၇၀၀ ကို ဒီနှစ်ဆောင်းမှာ တိုးချဲ့ပြီး ဧက ၁ ဒသမ ၀၉ သန်းအထိ စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်မှာ ၁ ဒသမ ၃ သန်းအထိ တိုးချဲ့ပြီး နှစ်အလိုက် ဧက သုံးသန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပြည်တွင်းမှာရှိတဲ့ နေကြာမျိုးတွေကို တောင်သူလယ်သမားတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ မျိုးစေ့ထုတ်တဲ့ လုပ်ငန်းတွေ၊ ပြည်ပကနေတင်သွင်းရမယ့် နေကြာမျိုးစေ့လုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်နေပါတယ်။

နောင်နှစ်တွေမှာတော့ ပြည်တွင်းမှာပဲ နေကြာမျိုးစေ့ကို ထုတ်လုပ်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ နေကြာမျိုးကောင်း မျိုးသန့်တွေ ရရှိဖို့၊ ဧက သုံးသန်းအထိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေအနေနဲ့ ဒေသဆီဖူလုံရေးကို အဓိက အာရုံစိုက်ပြီး နေကြာသီးနှံကို အလေးထားပြီး ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုတာဖြစ်ပါတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက်အောင်မြင်စေရန်အတွက် နေကြာသီးနှံကို သီးနှံစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးနှင့် ဆောင်းစုစုပေါင်း စိုက်ဧက ၁ ဒသမ ၀၉ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟန်နီ

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းကို ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာဘာရွှေ၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။







အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့အချိန်အခါတွင် တက္ကသိုလ်အားကစားကဏ္ဍကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များ၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်မှုများအရ စဉ်ဆက်မပြတ်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို "တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့" ဆိုသည့် ဦးတည်ချက်နှင့် ကျင်းပပေးခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသားအားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစေမည်ဖြစ်ကြောင်းပြောကြားရင်း ၂၀၂၄ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် သရုပ်ဖော်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းကို ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၄ခုနှစ်ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို တက္ကသိုလ်များ၏ ဘောလုံးအားကစားအဆင့်အတန်းကိုမြှင့်တင်ရန်၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝအထောက်အကူဖြစ်စေရန်၊ အားကစားစိတ်ဓာတ်ကိုအရင်းခံပြီး အချင်းချင်းရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းများဖြစ်မှုစသည့် ကောင်းမြတ်သောအရည်အသွေးများဖြင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်၊ တက္ကသိုလ်ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှသည် နိုင်ငံတော်အတွက်အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားပြုတက္ကသိုလ်များ ဘောလုံးအသင်းခုနစ်သင်းတို့ပါဝင်ပြိုးသြဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နေရာအလိုက် တစ်ဦးချင်း အကောင်းဆုံးဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည့်အပြင် ထူးချွန်သည့် ဘောလုံးအားကစားသမားများကို လာမည့် ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ဘောလုံးလက်ရွေးစင်အားကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(၅၀၀)

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထား တိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၄-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အားမထုတ်လုပ်နိုင်မှုမဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ်စီမံကိန်း(၈)ခုနှင့် အခြားရပ်ဆိုင်းထားရသည့် စီမံကိန်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၁ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၅-၈-၂၀၂၄ ရက်ည ၈ နာရီမှ ၁-၉-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၁၃၆ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များဆောင်ရွက်ပေး



နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညွှန်ကြားပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆို၊ ဝါကပ်ကြမည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စည်ပင်ကြီးကျေးရွာတွင် ပေါင်းလောင်းမြစ်နှင့် ဆင်သေချောင်းတို့မှ ရေများမြင့်တက်ခဲ့မှုကြောင့် ကျေးရွာအတွင်း နေအိမ်များနှင့် လယ်ယာမြေများ ရေနစ်မြုပ်ခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စည်ပင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဂန္ဓမာအား ဖူးမြော်ကြည်ညိုပြီး ဝါဆို၊ ဝါကပ်ကြမည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စည်ပင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်ကြသည့် စည်ပင်ကြီးကျေးရွာမှ ပြည်သူများအား နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများမဖြစ်ပွားစေရေးအတွက် နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာအတွင်း ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကြိုတင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စုပင်လောင်းလမ်းဆုံမီးပွိုင့်အနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့်နေရာများသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကွင်းဆင်းကြည့်ရှု



လွိုင်ကော် စက်တင်ဘာ ၂

ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ ရှမ်းပိုင်းတံတားနှင့် ကန္ဒရဝတီတံတားတို့၌ ဘီလူးချောင်းရေမြင့်တက်မှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်းရေဝင်ရောက်မှုအခြေအနေများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက နေအိမ်များအတွင်း ရေထပ်မံမဝင်ရောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွက်ရပ်ကွက် ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ ရှမ်းပိုင်းတံတား၊ ကန္ဒရဝတီတံတားတို့သို့ သွားရောက်၍ ဘီလူးချောင်းရေမြင့်တက်မှုအခြေအနေအားကြည့်ရှု၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများကြံ့ခိုင်မှုရှိမရှိ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေ ထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဲအိတ်များကာရံခြင်း၊ မြေထိန်းနံရံများပြုလုပ်ပေးခြင်း စုပေါင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၄ နာရီ ရေကင်းစောင့်ကြည့်နိုင်ရေး၊ စိုးရိမ်ရေမှတ်ကျော်လွန်သည့်အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက်ထုတ်ပြန်အသိပေး၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရပ်ကွက်လေးရပ်ကွက်ရှိ နေအိမ် ၁၄၄ အိမ်တွင် ရေဝင်ရောက်လျက်ရှိရာ ရေထပ်မံမြင့်တက်လာပါက ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ယာယီခိုလှုံရေးစခန်းလေးခုစီမံဆောင်ရွက်ထားရှိပြီး ရေဘေးအန္တရာယ်ကျရောက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ရုံးကို ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိကြောင်းနှင့် အရေးပေါ်အခြေအနေကျရောက်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ်(၂/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်စောဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နည်းပြများ၊ ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် မဲမသမာမှုများ ထပ်မံမဖြစ်ပွားစေရေး စနစ်ဖြင့်ထိန်းချုပ်ဆောင်ရွက်နိုင်ရန်လိုအပ်သည့်အတွက် MEVM မဲပေးစက်နှင့် မဲစာရင်းပြုစုရာတွင် မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေမည့် Admin DEO၊ CVLMS စနစ်များကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့၌ မဲရုံတွင် မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည်ဖြစ်ပြီး သင်တန်းသို့တက်ရောက်ခြင်းဖြင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင်ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာ သက်သောင့်သက်သာမဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Republic of the Union of Myanmar
Anti-Terrorism Central Committee
Notification 1/2024

14th Waning of Wagoung 1386 ME
(2 September 2024)

Declaration on terrorist groups

The Anti-Terrorism Central Committee issued this notification by exercising the authority mentioned in Subsection (e) of Section 6 and Subsection (b) of Section 72 of the Counter-Terrorism Law, with the approval of the Union government.

1. Myanmar National Democratic Alliance Army (MNDAA) and Ta'ang National Liberation Army (TNLA) commit terror acts mentioned in the Counter-Terrorism Law by harming public security and their life and property and violently causing loss and damage to essential infrastructures of individuals or public, State-owned buildings, vehicles, machinery and accessories, including the violent acts to blow up public roads and bridges, explode electric towers, fire on populated towns and villages from far distance with the use of heavy weapons, drop bombs, kill innocent people, forcefully recruit new members and destroy State-owned buildings, vehicles, machinery and equipment. Moreover, these groups based inside the country are committing terror acts against the State.

2. As such, the Anti-Terrorism Central Committee has declared the aforementioned groups as terrorist groups which are committing terror acts mentioned above.

Chairman
Anti-Terrorism Central Committee

Republic of the Union of Myanmar
Anti-Terrorism Central Committee
Notification 2/2024

14th Waning of Wagoung 1386 ME
(2 September 2024)

Terrorist group declared with reversing revocation of previous terrorist group declaration

The Anti-Terrorism Central Committee has issued this notification by exercising the authority mentioned in Subsection (e) of Section 6 and Subsection (b) of Section 72 of the Counter-Terrorism Law, with the approval of the Union government.

1. The Anti-Terrorism Central Committee declared the United League of Arakan (ULA)/Arakan Army (AA) as a terrorist group under its notification 1/2020 dated 23 March 2020. However, the declaration against that terrorist group was revoked under notification of the central committee dated 11 March 2021 in order to restore durable peace nationwide in accord with the five-point roadmap and nine objectives adopted by the State Administration Council.

2. Currently, the United League of Arakan (ULA)/ Arakan Army (AA) still commits terror acts mentioned in the Counter-Terrorism Law by harming public security and their life and property and violently causing loss and damage to essential infrastructures of individuals or public, State-owned buildings, vehicles, machinery, and accessories, including the violent acts to blow up public roads and bridges, explode electric towers, fire on populated towns and villages from a far distance with the use of heavy weapons, drop bombs, kill innocent people, forcibly recruit new members and destroy State-owned buildings, vehicles, machinery and equipment. Moreover, the group based in the country is committing terror acts against the State.

3. As such, the Anti-Terrorism Central Committee has cancelled the revocation of its declaration over the aforementioned group under notification 1/2021 dated 11 March 2021 and has declared such a group as a terrorist group.

Chairman
Anti-Terrorism Central Committee

Farmers in YeU Township finish cultivation of sunflower

YeU September 2

Statistics of YeU District Agriculture Department stated that a total of 4,995 acres of croplands have been placed under sunflower plants in YeU District of Sagaing Region this monsoon.



In the district, local authorities earmarked 5,230 acres of sunflower for cultivation in 2024-2025 monsoon. Local farmers have planted 67 acres of sunflower in Taze Township and 4,928 acres in Dabayin Township, totalling 4,996 acres.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "More than 4,000 acres of sunflower out of over 5,000 acres have been planted in YeU District this monsoon. Farmers continue cultivation of sunflower on the rest acres of croplands. Sown acreage of sunflower is expanded in order to reduce import volume of palm oil abroad. Oil product of sunflower based on a per-acre yield is larger than milling groundnut and sesame. Local farmers prefer to grow sunflower in cold season rather than monsoon."

In 2024-2025 monsoon season, Taze Township planned to grow 67 acres of sunflower and Dabayin Township 5,163 acres, totalling 5,230 acres.

Relevant township agriculture departments conduct training courses for enhancement of capacity farmers and agricultural staff in YeU District.

This year, relevant agricultural departments and local authorities in YeU District plan to distribute quality strains of crops and urea fertilizer at fair prices to local farmers through exchange of quality strains of sunflower.

SMK

Pwintbyu Township cultivates 909 acres of rain-fed vegetable crops

PWINTBYU September 2

A total of 909 acres of vegetable crops have been planted in this year's rain crops planting season in Pwintbyu Township, Magway Region, according to Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

In Pwintbyu Township, 914 acres of vegetable crops are earmarked for planting during this year rain crops planting season.

"In order to ensure food safety for consumers, we have provided information to farmers so that they can grow according to the Good Agricultural Practices (GAP) system. In addition, we have provided support for the necessary good quality seeds," she said.

In Pwintbyu Township, local farmers grow a variety of vegetables throughout the year in summer, rainy, and winter seasons to increase income. Due to the availability of water, the vegetable farms are successful and transactions in the market are good as they grow using the Good Agricultural Practices (GAP) system.

SK

Farmers in Myinmu Township finish cultivation of pulses and beans

MYINMU September 2

Myinmu Township of Sagaing Region has so far planted 43,312 acres of pulses and beans this monsoon, according to Sagaing District Agriculture Department.

In 2024-2025 monsoon, the township earmarked cultivation of 55,487 acres of pulses and beans but local farmers grew 43,312 acres against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "This monsoon, local farmers have so far planted more than 40,000 acres of pulses and beans against the target of more than 50,000 acres. Agricultural staff helped local farmers expand sown acreage with better agricultural techniques, urging them use quality strains of crops for boosting per-acre yield."

This year, Myinmu Township planted 8,056 acres of green gram, 109 acres of small red bean, 113 acres of rice bean, 34,991 acres of pigeon pea and 43 acres of lablab bean, totalling 43,312 acres.

But, local authorities earmarked cultivation of 103 black bean, 17,438 acres of green gram, 167 acres of butter bean, 1,495 acres of small red bean, 595 acres of rice bean, 35,220 acres of pigeon pea and 496 acres of lablab bean, totalling 55,487 acres.

SK

MGMA to offer Advanced Sewing Machine Operator Training course in this month

YANGON September 2

Myanmar Garment Manufacturers Association (MGMA) will offer the Advanced Sewing Machine Operator Training (Batch 8) from 16 to 27 September 2024 at Myanmar Garment Human Resources Development Training Centre (MGHRDC).

The trainer will share sewing methods of parts of fabric such as bag covers, spiral, shoulder corner seams, pockets, different types of bags, different ways of inserting zippers, long sleeve shirts and 'A' skirts with belts. Additionally, six special sewing methods, including buttonhole sewing machine, button attached machine, Bartack Machine, Overlock 4 threads, Overlock 5 threads and 2 Needle, will be provided to trainees.

It is currently conducting a Basic Sewing Machine Operator Training Course (Batch 242) from 26 August to 13 September 2024 at MGHRDC.

Those who wish to attend the training can enrol through the contact numbers of MGHRDC: 09-940858350, 09-450723262, 09-403912570, 09-784085794 and 09-952802635.

SMK

Pindaya muskmelons popular in the local market

PINDAYA September 2

Muskmelons produced from Pindaya, Shan State, have gained orders from Kyaukse, Mandalay, and Nay Pyi Taw, including Yangon, and the price is low.

Muskmelon is an export item; however, the trade has to rely on the domestic market for now due to massive supply, helping consumers enjoy the fruit at a low price, said farmers and traders in Pindaya Township.

"Now the supply is massive, and the price also falls. But, demand is still low because we only consume domestically. Muskmelon has received orders from Kyaukse, Mandalay, Nay Pyi Taw and Yangon. For consumers, it is good because they can buy it cheaply," said a muskmelon farmer in Pindaya.

In December 2023, muskmelon prices were pretty good, and trade was also acceptable. Price is likely to change in the following months, depending on plantation acres.

"Muskmelon price was good in December 2023, and trade was also good. Exports will resume later, so we have to rely on the domestic market now. Price will change over the next month, depending on plantation acres; price will fall if supply is large or rise if supply is low," he said.

SK



Putin, Malaysian, Chinese officials to partake in EEF plenary session - Kremlin Aide

MOSCOW September 2

Russian President Vladimir Putin, Malaysian Prime Minister Anwar Ibrahim and Chinese Vice President Han Zheng will participate in the plenary session of the Eastern Economic Forum (EEF), Kremlin aide Yury Ushakov said on Monday.

"The main event, of course, is the plenary session on September 5 ... in which our president and invited Prime Minister of Malaysia Anwar Ibrahim and Chinese Vice President Han Zheng will take part," Ushakov told reporters.

Putin will also gold negotiations with Han Zheng on the sidelines of the EEF, the official added.

President Putin and Prime Minister Ibrahim will hold negotiations on the sidelines of the Eastern Economic Forum (EEF) on September 4.

"I mentioned Malaysian Prime Minister Anwar Ibrahim as one of the main guests of the forum. [Putin] will hold full-scale negotiations with him on September 4, including a narrow and expanded format, various issues of Russian-Malaysian cooperation, economic issues,



Putin, Malaysian, Chinese officials to partake in EEF plenary session.

as well as issues of international and regional problems will be discussed," Ushakov told reporters.

Russia and Malaysia have close positions on most international issues and interact in various international formats, primarily in the UN, the official said.Russia and Malaysia have close positions on most international issues and interact in various international formats, primarily in the UN, the official said.

"Malaysia is a reliable partner of Russia in the Asia-Pacific region and a prominent representative of the Muslim world. Regular and meaningful political dialogue is maintained between Russia and Malaysia, including through parliaments, ministries and parties, regions and public organizations," Ushakov said.

Putin will also hold a meeting with Serbian Deputy Prime Minister Aleksandar Vulin.

Sputnik

New study suggests NASA collision could create first ever man-made meteor shower


New study suggests NASA collision could create first ever man-made meteor shower.

NEW YORK September 2

Using ground-based telescopes to monitor the impact for almost two years, astronomers discovered DART shifted the moonlet asteroid's orbital period by about 32 to 33 minutes.

A NASA test in space may result in the first man-made meteor shower that could last for 100 years, a recent report from CNN writes. In late September of 2022, NASA's Double Asteroid Redirection Test (DART) was directed to strike the small asteroid Dimorphos to test their asteroid deflection technology as a way to protect our planet.

After crashing into the asteroid at a speed of about 15,000 miles per hour (24,000 km/h), NASA's test may have resulted in the creation of what could be the first manmade meteor shower known as Dimorphids, a recent study revealed. The crash resulted in more than 2 million pounds (close to 1 million kilograms) of rocks and dust, and now scientists are trying to predict where that debris could end up.

While the meteor that NASA fired on did not pose a danger to Earth, it offered perfect target practice for the administration to see whether or not a kinetic impact could change the motion of a celestial object which poses a threat to Earth.

LICIACube, a small satellite which was used to capture the impact made between DART and Dimorphos, was used to capture footage of the collision and the debris that was produced afterwards. Using that data, researchers found that if debris was ejected from the asteroid at speeds of 1,118 miles per hour (500 meters per second) then some fragments could reach Mars while other, smaller and faster moving debris could reach Earth traveling at 3,579 miles per hour (1,600 meters per second). **Sputnik**

Japan logs joint hottest summer, 1.76 degrees higher than average

TOKYO September 2

Japan's weather agency said Monday that the country witnessed its joint hottest summer this year since records began, tying the previous record logged in 2023.

According to the Japan Meteorological Agency (JMA), the national average temperature between June and August was 1.76 degrees Celsius higher than the standard value, the joint highest since records began in 1898 and making it the hottest summer in two consecutive years.

The average temperature is calculated from observation results at 15 locations selected to avoid regional bias and to be less susceptible to environmental changes due to urbanization. The benchmark is the overall monthly average recorded between 1991 and 2020.

Japan just experienced its hottest July on record, toppling a previous record average for the month that was set only last year, with the variation across the archipelago 2.16 degrees Celsius higher than usual, the JMA said.

In central Tokyo alone, 123 mostly elderly people died of heatstroke in July, with the total number of emergency ambulance dispatches in the capital coming to 91,614, the highest monthly number ever, according to the Tokyo Metropolitan Government Medical Examiner's Office.

With the heat expected to continue in September, weather officials urged measures to prevent heatstroke, such as using air conditioning and staying hydrated.

Xinhua

Daily screen time for teens should not exceed three hours: Sweden's health agency

HELSINKI September 2

Children under two years old should avoid digital screens entirely, while teenagers should limit their daily screen time to a maximum of three hours, according to the latest recommendations published by the Swedish public health agency on Monday.

The agency recommended a maximum daily screen time of one hour for children aged 2-5, one to two hours for children aged 6-12, and two to three hours for teenagers aged 13-18. Additionally, cell phones and tablets should be kept out of children's bedrooms during the night.

Olivia Wigzell, the agency's acting director-general, said the recommendations aim to support parents and caregivers, as well as children and young people, highlighting that reducing screen time is essential for ensuring children get adequate exercise and sleep.

Helena Frielingsdorf, a physician and researcher at the agency, noted that their research indicates young people experience both positive and negative effects from digital media. Many are concerned about the impact of screens and are seeking ways to change their habits. She added that the guidelines aim to provide the assistance they need.

A report released in Sweden in June highlighted the consequences of excessive screen time, including poor sleep, depressive symptoms, and body dissatisfaction. It cautioned that children and adolescents can become easily engrossed in digital activities, often at the expense of sleep, relationships, and physical activity.

Sweden's public health agency has urged tech companies to take greater responsibility in mitigating health risks for children and adolescents. **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 12

for and since when … ? and how long … ?

C Compare **when** … ? (+ past simple) and **how long** … ? (+ present perfect):



A: **When** did it start raining?
B: It started raining **an hour ago / at 1 o'clock.**
A: **How long** has it been raining?
B: It's been raining **for an hour / since 1 o'clock.**



A: **When** did Joe and Kate first meet?
B: They first meta { **a long time ago.** / **when they were at school.**
A: **How long** have they known each other?
B: They've known each other { **for a long time.** / **since they were at school.**

D We say:

it's (= it is) or **it's been (= it has been)**	a long time six momths (etc.)	since something happened

- ☐ **It's two years since** I last saw Joe. or **It's been two years since** …
  (= I **haven't seen** Joe for two years)
- ☐ **It's ages since** we went to the cinema. or **It's been ages since** …
  (= We **haven't been** to the cinema for ages)
- ☐ **How long is it since** Mrs Hill died? or **How long has it been since** …
  (= when did she die?)

How long have you (been) … ?→Unit 11

Exercises

12.1 **Write for or since.**

1 It's been raining ……since…… lunchtime.
2 Paul has lived in Brazil …… ten years.
3 I'm tired of waiting. We've been sitting here …… an hour.
4 Kevin has been looking for a job …… …… he left school.
5 I haven't been to a party …… ages.
6 I wonder where Joe is. I haven't seen him …… last week.
7 Jane is away on holiday. She's been away …… Friday.
8 The weather is dry. It hasn't rained …… a few weeks.

12.2 **Look at each answer and choose the right question.**

1 How long have they been married? / When did they get married? — Ten years ago.
(When did they get married? is correct)

2 How long have you had this car? / When did you buy this car? — About five years.

3 How long have you been waiting? / When did you get here? — Only a few minutes.

Raymond Murphy

SCIENCE

ဆေးယဉ်ပါးဗက်တီးရီးယားများကို တိုက်ဖျက်နိုင်မည့် ပဋိဇီဝပစ္စည်းများ အာတိတ်ဒေသ၌တွေ့ရှိ

ဆေးယဉ်ပါးဗက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်ရေးအတွက် အလားအလာကောင်းများရှိသည့် ပဋိဇီဝပစ္စည်းများကို အာတိတ်ဒေသရှိ အဏ္ဏဝါဇီဝသက်ရှိများတွင်တွေ့ရှိရသည်ဟု သုတေသနပညာရှင်များကပြောသည်။


သုတေသနပညာရှင်များသည် ကမ္ဘာတစ်ဝန်းကြဲတွေ့နေရသည့် ဆေးယဉ်ပါးဗက်တီးရီးယားပိုးများပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် အက်တီနိုဗက်တီးရီးယားများအပေါ် အဓိကထားလေ့လာမှုများ လုပ်ရာမှ ယခုကဲ့သို့တွေ့ရှိခြင်းဖြစ်သည်။

အက်တီနိုဗက်တီးရီးယားဆိုသည်မှာ မြေကြီးနှင့် အခြားသောပတ်ဝန်းကျင်များတွင်တွေ့ရလေ့ရှိသော ဗက်တီးရီးယားတစ်မျိုးဖြစ်သည်။ လက်ရှိတွင်လည်း ပဋိဇီဝဆေးများ၌ အရေးပါသည့်ဒြပ်ပေါင်းများကို ထုတ်လုပ်ပေးနေသည့်အရာမျိုးဖြစ်သည်။

လက်ရှိသုံးနေသော အက်တီနိုဗက်တီးရီးယား ၇၀ ရာခိုင်နှုန်းကျော်ကို မြေကြီးမှတွေ့ရှိခြင်းဖြစ်သည်။ ထို့နောက် သုတေသီများက ထိုကဲ့သို့သောအက်တီနိုဗက်တီးရီးယားများကို အာတိတ်သမုဒ္ဒရာမှရှာဖွေရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ထိုသို့ရှာဖွေမှုများလုပ်ဆောင်ပြီးနောက် လပေါင်းများစွာအကြာတွင် ၎င်းတို့လိုချင်သောပုံစံရှိသည့် အက်တီနိုဗက်တီးရီးယားများကို တွေ့ရှိသွားသည်။ ထို့နောက် တွေ့ရှိသည့်အက်တီနိုဗက်တီးရီးယားလေးမျိုးမှ ဒြပ်ပေါင်းများကိုထုတ်ယူကာ အီး-ကိုလိုင်းရောဂါပိုးနှင့်စမ်းသပ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ **Ref: IE**

K.H



လွန်ခဲ့သောနှစ်ပေါင်း ၅၂၀၀၀ က အမွေးရှည်ဆင်ကြီးများကို ပြန်လည်အသက်သွင်းနိုင်တော့မည်

မကြာသေးမီက သုတေသနပညာရှင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၅၂၀၀၀ ခန့်ကတည်ရှိခဲ့သည့် အမွေးရှည်ဆင်ကြီးတစ်ကောင်၏ဒီအန်အေကို သရီးဒီပုံစံဖြင့် ပြန်လည်စီစဉ်မှုလုပ်ဆောင်ထားနိုင်သောကြောင့် အမွေးရှည်ဆင်များကိုပြန်လည်အသက်သွင်းနိုင်တော့မည်ဖြစ်သည်။

ကိုလော့ဆယ် ဇီဝသိပ္ပံကုမ္ပဏီက အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ယင်းသို့အကောင်အထည်ဖော်မှုအတွက် နှစ်ပေါင်း ၅၂၀၀၀ သက်တမ်းရှိ အေးခဲနေသော အမွေးရှည်ဆင်ကြီးကို အသုံးပြုနေခြင်းဖြစ်သည်။

သို့သော် ထိုဆင်ကြီး၏ဒီအန်အေကို နေရာတကျပြန်လည်စီစဉ်မှုသည် အလွန်ခက်ခဲသည့်ပစ္စာတစ်ပုဒ်ကို ဖြေရှင်းရသည်နှင့်တူကြောင်း၊ နောက်ဆုံးတွင်မူ အဆင့်မြင့်နည်းပညာအကူအညီဖြင့် ဆင်ကြီး၏ခရိုမိုဆုမ်း ၂၈ မျိုးကို အသေးစိတ်ကျကျပြန်လည်စီစဉ်လိုက်နိုင်ပြီဖြစ်ကြောင်း သုတေသီများကပြောသည်။

အဆိုပါ အမွေးရှည်ဆင်ကြီးများကို ပြန်လည်အသက်သွင်းခြင်းသည် ဂေဟစနစ်ကိုညီမျှစေရန်၊ ကာဗွန်ထိန်းသိမ်းမှုကို တိုးမြင့်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရန်ဖြစ်သည်။ ထိုဆင်ကြီးများ မရှိတော့ကတည်းက မြက်ခင်းပြင်များသည် ကာဗွန်စုပ်ယူနိုင်စွမ်းကျဆင်းသွားခြင်းဖြစ်သည်။ **Ref: IE**

K.H



HEALTH

Google က စမတ်ဖုန်းမှတစ်ဆင့် ရောဂါများကိုရှာဖွေနိုင်ရန် AI ကိုအသံပေါင်း သန်း ၃၀၀ ဖြင့်လေ့ကျင့်ပေးနေ



Google ကုမ္ပဏီက စမတ်ဖုန်းများမှတစ်ဆင့် ရောဂါရှာဖွေဖော်ထုတ်နိုင်ရေးအတွက် AI ကို အသံပေါင်းသန်း ၃၀၀ ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ အဆိုပါအသံများတွင် ချောင်းဆိုးသံ၊ နှာရှူပ်သံ၊ ကြိုးစားပမ်းစားအသက်ရှူနေရသည့်အသံ စသည်တို့ပါဝင်သည်။

AI ကို ထိုကဲ့သို့လေ့ကျင့်ပေးနိုင်စေရေးအတွက် Google ကုမ္ပဏီက အိန္ဒိယနိုင်ငံအခြေစိုက် အသက်ရှူလမ်းကြောင်းကျန်းမာရေးဆိုင်ရာ AI ကုမ္ပဏီဖြစ်သည့် Salcit နည်းပညာကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီများ၏ကြိုးစားမှုသည် ဝေးလံခေါင်ဖျားသောဒေသများ၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းစွာမရရှိသောဒေသများတွင်နေထိုင်သူများက ကြိုးစားသောပြောင်းလဲမှုကိုရရှိနိုင်မည်ဖြစ်သည်။

အထူးသဖြင့် တီဘီရောဂါကဲ့သို့သောရောဂါများကို AI ကဖော်ထုတ်ပေးနိုင်လာမည်ဖြစ်သောကြောင့် စောစီးစွာကုသမှုခံယူခြင်းဖြင့် အသက်ရှည်ကျန်းမာမှုကို ရရှိစေမည်ဖြစ်သည်။

ယခုနည်းပညာက တီဘီရောဂါကို မှန်ကန်စွာဖော်ထုတ်နိုင်ပြီဆိုလျှင် အခြားသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးကျန်းမာရေးအခြေအနေများကို အသံကြားရုံဖြင့် တိကျစွာခွဲခြမ်းစိတ်ဖြာနိုင်စေမည်ဖြစ်သည်။ **Ref: IE**

K.H

ဂျပန်အမျိုးသားတစ်ဦး ၁၂ နှစ်တိုင်တိုင် တစ်ရက်လျှင်နာရီဝက်သာအိပ်ပြီး အသက်နှစ်ဆရှည်ရန်မျှော်လင့်နေ





ဂျပန်နိုင်ငံမှ အမျိုးသားတစ်ဦးက ၁၂ နှစ်တိုင်တိုင် တစ်ရက်လျှင်နာရီဝက်သာအိပ်ပြီး ၎င်း၏အသက်နှစ်ဆရှည်ရန်မျှော်မှန်းထားသည်။ ထို့ပြင် ယခုကဲ့သို့နေထိုင်ခြင်းသည် လုပ်ငန်းပိုင်းဆိုင်ရာတွင်လည်း တိုးတက်မှုများရရှိစေသည်ဟု အသက် ၄၀ ရှိပြီဖြစ်သည့် ဒါအီဆူကီဟိုရီအမည်ရှိ အဆိုပါအမျိုးသားကပြောသည်။

ထို့ပြင် ယခုကဲ့သို့အိပ်ချိန်လျှော့ချခြင်းအပေါ် ခန္ဓာကိုယ်ကကျင့်သားရရှိစေရန်လည်း လေ့ကျင့်မှုများလုပ်ထားကြောင်း ဟိုရီကပြောသည်။

အချိန်ကြာမြင့်စွာအိပ်စက်ရခြင်းထက် ကောင်းစွာအိပ်စက်ရခြင်းက အလုပ်အပေါ် အာရုံစူးစိုက်နိုင်စေပြီး ကောင်းကျိုးများစွာရရှိစေသည်ဟု ၎င်းကပြောထားသည်။

ဟိုရီက အိပ်ချိန်လျှော့ချခြင်းနှင့်ပတ်သက်၍ သင်တန်းကျောင်းလည်းဖွင့်ထားပြီး အိပ်ချိန်အလွန်အမင်းလျှော့ချနိုင်သည့် ကျောင်းသားများကိုမွေးထုတ်ထားသည်။ **Ref: IE**

K.H

ထိုးသွင်းနိုင်သည့် နှလုံးခုန်နှုန်းထိန်းညှိစက်ကို သုတေသီများတီထွင်

ဆွီဒင်နိုင်ငံမှ သုတေသနပညာရှင်များက ပြင်ပမှထိုးသွင်းနိုင်သည့်နှလုံးခုန်နှုန်းထိန်းညှိစက်ကို တီထွင်လိုက်သည်။ လူနာတစ်ဦးအနေဖြင့် နှလုံးခုန်နှုန်းမမှန်တော့သည့်အရေးပေါ်အခြေအနေမျိုးတွင် တီထွင်ထားသောအပ်ဖြင့် နာနိုအမှုန်များကို နှလုံးနားတစ်ဝိုက်ထိုးသွင်းခြင်းကြောင့် နှလုံးစည်းချက်မှန်စေမည်ဖြစ်သည်။

ထို့နောက် လူနာအနေဖြင့်ကုသမှုခံယူပြီးသည့်အခါ ထိုးသွင်းထားသောအမှုန်များက ခန္ဓာကိုယ်မှရုတ်ခြည်းပျောက်ကွယ်သွားမည်ဖြစ်သည်။ ကြာရှည်ခံမှုအနေဖြင့် ငါးရက်ကြာမြင့်ပြီး ထိုကာလအတွင်း မည်သည့်ကိုယ်တွင်းအင်္ဂါကိုမျှထိခိုက်စေခြင်း ရှိမည်မဟုတ်ပေ။ နာနိုအမှုန်များသည် ဆံခြည်မျှင်ထက်သေးသော အပ်ဖြင့်ပင် ထိုးနိုင်သည့်အမှုန်များဖြစ်ကြောင်း သုတေသီများကပြောသည်။ **Ref: IE**



K.H

နိုင်ငံအတွင်းဆန္ဒပြမှုများရပ်တန့်ရန် အစ္စရေးတရားရုံးအမိန့်ချ

ကျေရွာဆလင်၊ ပြည်တွင်းရေး

နိုင်ငံအတွင်းရှိ အလုပ်သမားသမဂ္ဂက လုပ်ဆောင်နေသော ဆန္ဒပြမှုများရပ်တန့်ရန် အစ္စရေးတရားရုံးတစ်ခုက စက်တင်ဘာလ ၂ ရက်တွင်အမိန့်ချလိုက်သည်။

အလုပ်ဃမားသမဂ္ဂသည်အစ္စရေးအစိုးရအနေဖြင့် ဟားမက်အဖွဲ့နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးသဘောတူညီချက်ရရှိအောင်ဆောင်ရွက်ရန် ဆန္ဒပြတောင်းဆိုနေကြခြင်းဖြစ်သည်။

သို့သော် စစ်ပြေငြိမ်းရေးကိုဆန့်ကျင်သည့် လက်ယာစွန်းရောက်ဘဏ္ဍာရေးဝန်ကြီးက တရားရုံးအနေဖြင့် အဆိုပါဆန္ဒပြမှုများရပ်တန့်စေရေးအမိန့်ထုတ်ပေးရန် တောင်းဆိုပြီးနောက် တဲအဗစ်မြို့အလုပ်သမားရေးရာတရားရုံးက ဆန္ဒပြမှုများကို ချက်ချင်းရပ်တန့်ရန် အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်။

အလုပ်သမားသမဂ္ဂကဆန္ဒပြမှုသည် စီးပွားရေးဆိုင်ရာ အကြောင်းပြချက်များကြောင့်မဟုတ်ကြောင်း တရားရုံးကသတိပေးထောက်ပြထားသည်။ အစ္စရေးနိုင်ငံရှိ အလုပ်သမားသမဂ္ဂသည် စီးပွားရေးဆိုင်ရာ ပြဿနာများ၊ အလုပ်သမားများ၏အခွင့်အရေးများနှင့်ပတ်သက်၍သာ ဆန္ဒပြခွင့်ရှိသည်။

သို့သော် ဂါဇာရှိဥမင်လိုဏ်ခေါင်းများအတွင်း အစ္စရေးနိုင်ငံသားများအသတ်ခံနေရမှုကို ရပ်ကြည့်မနေနိုင်သည့်အတွက် ဆန္ဒပြမှုလုပ်ရန်လိုအပ်ကြောင်း အလုပ်သမားသမဂ္ဂဥက္ကဋ္ဌက စက်တင်ဘာလ ၁ ရက်တွင်ပြောသည်။

အစ္စရေးတပ်မတော်က ဂါဇာဒေသ၌ ဓားစာခံခြောက်ဦး၏ရုပ်အလောင်းများကို တွေ့ရှိသည်ဟု စက်တင်ဘာလ ၁ ရက်တွင် ထုတ်ပြန်ပြီးနောက် ယခုကဲ့သို့ဆန္ဒပြမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဓားစာခံခြောက်ဦးသေဆုံးခြင်းသည် အစ္စရေး၏ဗုံးကြဲခြင်းကြောင့်ဖြစ်သည်ဟု ဟားမက်အဖွဲ့ကပြောသော်လည်း ယင်းဓားစာခံများသည် သေနတ်ဖြင့် အနီးကပ်အပစ်ခံရခြင်းဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: Intellinews



EU အနေဖြင့် ဓမ္မဓိဋ္ဌာန်ကျကျနှင့် မျှမျှတတဖြစ်စေရေး တရုတ်တိုက်တွန်း

ပေကျင်း၊ နိုင်ငံရေး

ဥရောပသမဂ္ဂ (EU) အနေဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့်ပတ်သက်၍ ပြောဆိုမှုများ၊ လုပ်ဆောင်မှုများတွင် ဓမ္မဓိဋ္ဌာန်ကျကျနှင့်မျှမျှတတဖြစ်စေရေး တရုတ်အစိုးရက တိုက်တွန်းကြောင်းသိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း တောင်တရုတ်ပင်လယ်၌ဖြစ်ပွားသော ကိစ္စရပ်များနှင့်ပတ်သက်၍ EU ၏စွပ်စွဲချက်များကို ကျေနပ်မှုမရှိကြောင်း ဥရောပသမဂ္ဂဆိုင်ရာ တရုတ်သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

EU သည် တောင်တရုတ်ပင်လယ်ကိစ္စတွင်အဖွဲ့ဝင်မဟုတ်ကြောင်းနှင့် ထိုကိစ္စအပေါ် လက်ညှိုးထိုးခွင့်မရှိကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အလားတူ EU သည် လွတ်လပ်စွာရေကြောင်းသွားလာမှုကိစ္စအပေါ် ကြိမ်ဖန်များစွာပုံကြီးချဲ့နေကြောင်း၊ ထိုကိစ္စသည် EU အတွက် မည်သည့်အကျိုးစီးပွားမျှမရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

တရုတ်နှင့်ဖိလစ်ပိုင်ရေယာဉ်များကြားတိုက်မိမှုဖြစ်ပွားရာတွင် တရုတ်နိုင်ငံ၏အန္တရာယ်ရှိသောလုပ်ဆောင်မှုကို ရှုတ်ချကြောင်း EU က စက်တင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားခြင်းဖြစ်သည်။

Ref: RTA



တောင်ကိုရီးယားက တပ်မတော်သားဆရာဝန်များကို ပြည်သူ့ဆေးရုံများတွင်တာဝန်ချထားမည်

ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံ၌ ဆရာဝန်များ၏ဆန္ဒပြမှုများကြောင့် ပြည်သူ့ဆေးရုံများရှိ အရေးပေါ်ခန်းများတွင် တပ်မတော်သားဆရာဝန်များကို တာဝန်ချထားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂ ရက်တွင်ပြောသည်။

အထူးသဖြင့် မကြာမီကျရောက်မည့် ဆောင်းဦးကြိုကာလပိတ်ရက်များမတိုင်မီနှင့် ပိတ်ရက်များပြီးနောက်တွင် တပ်မတော်သားဆရာဝန် ၂၅၀ ကို ပြည်သူ့ဆေးရုံများရှိအရေးပေါ်ခန်းများတွင်တာဝန်ချထားမည်ဖြစ်သည်။

ထို့ပြင် အရပ်ဘက်ဆရာဝန်များ၊ အကူအညီတောင်းထားသည့် သူနာပြုများနှင့် စာချုပ်ချုပ်ဆိုထားသည့် ဆရာဝန်များဖြင့် ပြည်သူ့ဆေးရုံများတွင် လစ်လပ်နေသော နေရာများကို ဖြည့်တင်းသွားမည်ဟု ဒုတိယကျန်းမာရေးဝန်ကြီးက ပြောထားသည်။ လက်ရှိအရေးပေါ်ခန်းများသည် ၇၃ ဒသမ ၄ ရာခိုင်နှုန်းသာလည်ပတ်နိုင်ကြောင်း သိရသည်။

Ref: YHN

သတင်းတိုကျဉ်

တူကီယဲနိုင်ငံက BRICS အဖွဲ့ဝင်အဖြစ် တရားဝင်လျှောက်ထားလာ

တူကီယဲနိုင်ငံသည် BRICS အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်လျှောက်ထားလိုက်ပြီဖြစ်ကြောင်း ထိုကိစ္စကိုသိရှိသူသတင်းအရင်းအမြစ်များ၏ပြောဆိုမှုကိုကိုးကား၍ Bloomberg သတင်းဌာနက စက်တင်ဘာလ ၂ ရက်တွင်ဖော်ပြထားသည်။

BRICS အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်းသည် တူကီယဲနိုင်ငံ၏ ကမ္ဘာတစ်ဝန်းခြေဆန့်မှုကို ပိုမိုတိုးမြင့်စေကာ အနောက်နိုင်ငံများမဟုတ်သော အခြားနိုင်ငံများနှင့်ဆက်ဆံရေးအသစ်များ ထူထောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

BRICS အဖွဲ့ကို ဖွဲ့ဖြိုးဆဲစီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က ၂၀၀၉ ခုနှစ်တွင်စတင်ထူထောင်ခဲ့ကာ တောင်အာဖရိကနိုင်ငံက ၂၀၁၀ ပြည့်နှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်လာသည်။

ရုရှားနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ဇန်နဝါရီလ ၁ ရက်တွင် အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်နှင့်ယူအေအီးနိုင်ငံတို့က အဖွဲ့ဝင်နိုင်ငံများဖြစ်လာသည်။

Ref: Sputnik

ယူကရိန်းတို့က ခု(စ်)ဒေသဖြင့်အကွက်ဆင်မှု မအောင်မြင်ဟု ပူတင်ပြော

ယူကရိန်းတို့က ခု(စ်)ဒေသအပေါ် တိုက်ခိုက်မှုများလုပ်ခြင်းအားဖြင့် ၎င်းတို့၏ရည်မှန်းချက်များရရှိရန် အကွက်ဆင်မှုသည် အောင်မြင်မှုမရှိကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က စက်တင်ဘာလ ၂ ရက်တွင် ပြောသည်။

ယူကရိန်းသည် ရုရှားကလုပ်ဆောင်နေသော ဒွန်းဘတ်ဒေသစစ်ဆင်ရေးအောင်မြင်မှုများရပ်တန့်စေရန်ကြိုးပမ်းလာခြင်းဖြစ်သော်လည်း ထိုဒေသရှိရုရှားတပ်ဖွဲ့ဝင်များက တစ်ကြိမ်နယ်မြေထိန်းချုပ်နိုင်လျှင်မီတာ ၂၀၀၊ ၃၀၀ နှုန်းမဟုတ်ဘဲ စတုရန်းကီလိုမီတာနှုန်းဖြင့်ထိန်းချုပ်နိုင်ကြောင်း ပူတင်ကပြောသည်။

ထို့ပြင် ခု(စ်)ဒေသသို့ကျူးကျော်လာသည့် ယူကရိန်းများသည် နယ်စပ်ဒေသတွင် တည်ငြိမ်အေးချမ်းမှုကိုဖျက်ဆီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုအခါ ၎င်းတို့အနေဖြင့် လက်ရှိပဋိပက္ခကို ဆွေးနွေးမှုများမှတစ်ဆင့်ဖြေရှင်းမှသာ ရမည်ကိုသိရှိပြီဟုယူဆကြောင်း ပူတင်ကပြောသည်။

Ref: RT

ဖိလစ်ပိုင်၌ ယာဂီမုန်တိုင်းကြောင့် ၁၁ ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံ၌ ယာဂီအပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်သည့်အတွက် ရေကြီးမှုများနှင့်မြေပြိုမှုတစ်ခုတို့ဖြစ်ပွားရာ အနည်းဆုံးလူ ၁၁ ဦး သေဆုံးကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာလ ၂ ရက်တွင်ပြောသည်။

မနီလာမြို့အရှေ့ဘက် တောင်ကုန်းထူထပ်သော အန်တီပိုလိုဒေသ၌ အိမ်နှစ်လုံးအပေါ်မြေပြိုကျမှုကြောင့် ကျောင်းသားနှစ်ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသေဆုံးသည်။

ထို့ပြင် ရီဇယ်ပြည်နယ်၌ ရေကြီးမှုများဖြစ်ပွားရာ ရေနစ်ခြင်းကြောင့် လူလေးဦးသေဆုံးပြီး နေအိမ်များစွာရေလွှမ်းမိုးခံရသည်ဟု သဘာဝဘေးစီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ထားသည်။

ယာဂီမုန်တိုင်းသည် အနောက်မြောက်ဘက်ရှိလူဇွန်ကျွန်းသို့ဆက်လက်ရွေ့လျားနေသောကြောင့် မိုးရွာသွန်းမှုနှင့်ရေကြီးမှုများဖြစ်ပွားနိုင်သည်ဟု တာဝန်ရှိသူများကသတိပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် တိုင်ဖွန်းမုန်တိုင်းများအပါအဝင် မုန်တိုင်းအလုံး ၂၀ ကိုနှစ်စဉ်ရင်ဆိုင်ရလေ့ရှိကြောင်း သိရသည်။

Ref: BP

ဆယ်ကျော်သက်များ ဖုန်း၊ ကွန်ပျူတာကြည့်မှု တစ်ရက်လျှင်သုံးနာရီထက်မကျော်သင့်

ဆယ်ကျော်သက်များအနေဖြင့် ဖုန်း၊ ကွန်ပျူတာကြည့်မှုသည် တစ်ရက်လျှင် သုံးနာရီထက်မကျော်သင့်ကြောင်း ဆွီဒင်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂ ရက်တွင် သတိပေးထားသည်။

ထို့ပြင် အသက်နှစ်နှစ်အောက်ကလေးငယ်များအနေဖြင့် ထိုကဲ့သို့ကြည့်ရှုမှုကို လုံးဝမလုပ်သင့်ကြောင်း ဝန်ကြီးဌာန၏သတိပေးချက်တွင်ဖော်ပြထားသည်။

အသက်နှစ်နှစ်မှငါးနှစ်အတွင်းရှိသည့် ကလေးငယ်များသည် ဖုန်း၊ ကွန်ပျူတာကြည့်ချိန် တစ်ရက်လျှင်တစ်နာရီသာရှိရမည်ဖြစ်ကြောင်း၊ အသက်ခြောက်နှစ်မှ ၁၂ နှစ်အတွင်းရှိသူများသည် တစ်နာရီမှ နှစ်နာရီအတွင်းနှင့် အသက် ၁၃ နှစ်မှ ၁၈ နှစ်ကြားရှိဆယ်ကျော်သက်များကသုံးနာရီထက်မပိုသင့်ကြောင်း ဝန်ကြီးဌာနက အကြံပြုထားသည်။ အလားတူ ဖုန်းများနှင့် တက်ဘလက်များကို ညအချိန်တွင်ကလေးများ၏အိပ်ခန်းအပြင်ဘက်၌ထားသင့်သည်ဟု ဝန်ကြီးဌာနကအကြံပြုထားသည်။

Ref: Xinhua

မြန်မာ့လက်ရွေးစင်အသင်း Mitsubishi Electric Cup 2024 ပြိုင်ပွဲမတိုင်မီ စင်ကာပူအသင်း၊ လက်ဘန္ထန်အသင်းတို့နှင့် ခြေစမ်းပွဲကစားမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Mitsubishi Electric Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် လာမည့်နိုဝင်ဘာလအတွင်း စင်ကာပူအသင်း၊ လက်ဘန္ထန်အသင်းတို့နှင့် ခြေစမ်းပွဲပွဲစဉ်များ အသီးသီးကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ဂျာမနီလူမျိုးနည်းပြ ဖိုက်တန်ဘိုင်နာနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင် နည်းပြလစ်လပ်နေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် နည်းပြရာထူးအတွက် မကြာမီခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် နိုဝင်ဘာလ ၁၇ ရက်တွင် စင်ကာပူအသင်းနှင့် လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်တွင် လက်ဘန္ထန်အသင်းနှင့် လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်သည်။

Mitsubishi Electric Cup 2024 ပြိုင်ပွဲအုပ်ပွဲစဉ်များကို လာမည့်ဒီဇင်ဘာလ ၈ ရက်မှစတင်ကာ ဒီဇင်ဘာလ ၂၁ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။



မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အိမ်ကွင်းတွင် နှစ်ပွဲနှင့် အဝေးကွင်းတွင် နှစ်ပွဲကစားသွားရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၉ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁)ကလပ်အသင်းကိုးသင်း၊ လိဂ်(၂)ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၉ နာရီခွဲတွင် Pyae Sone FC အသင်းနှင့် Power HBI FC အသင်းတို့ ကစားခဲ့ရာ Pyae Sone FC အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် TG United အသင်းနှင့် YCDC Marga FC အသင်းတို့ ကစားခဲ့ရာ TG United အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် Winner Soccer အသင်းနှင့် M-Millions FC အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် UPK FC အသင်းနှင့် MH Dream Team အသင်းတို့ကစားခဲ့ရာMH Dream Team အသင်းက ၆ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် စက်တင်ဘာလ ၃ ရက် **(ယနေ့)** နံနက် ၉ နာရီခွဲတွင် VUC FC အသင်းနှင့် Generations FC အသင်း၊ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် M2K FC အသင်းနှင့် Futsal 19 FC အသင်း၊ မွန်းလွဲ ၁ နာရီတွင် Seven FC အသင်းနှင့် 7 Brother FC အသင်း၊ မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် YRG FC အသင်းနှင့် MIU FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**



ဂျင်ရဲမြောင်(စံပြ)ကျေးရွာတွင် မိုးနှမ်းများစတင်ထွက်ပေါ်လျက်ရှိ

အထက်မင်းလှ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့ ကုန်ကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင် (စံပြ)ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ကြက်သွန်နီ၊ ဝါ၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်းတို့ကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံ စိုက်ဧက ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနီ၊ နှမ်းနက်နှင့် နှမ်းဖြူမျိုးတို့ကို စိုက်ပျိုးကြပြီး နှမ်းနီမျိုးကို အများဆုံးစိုက်ပျိုးကြသည်။ နှမ်းမျိုးများကို အထက်မင်းလှမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ၂ ပြည် စိုက်ပျိုးရသည်။ မိုးနှမ်းကို ထွန်ယက်၍ ကြောင်းဆွဲစနစ်ဖြင့်စိုက်ပျိုးကြကာ မေလတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအား၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ကုန်ကျပြီး မိုးနှမ်းသီးနှံကို ရာသီဥတုအပေါ်မူတည်၍ စိုက်ပျိုးရသည်။

မိုးရွာသွန်းမှုများလျှင် နှမ်းပင်များ ပျက်စီး၍ အထွက်နှုန်းလျော့နည်းနိုင်ပြီး မိုးရွာသွန်းမှုနည်းလျှင် မျိုးစေ့အောင်မြင်မှုနည်း၍ အထွက်နှုန်းလျော့နည်းနိုင်ကြောင်း၊ ရာသီဥတုသင့်တင့်မျှတမှုရှိလျှင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမွန်ကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် တစ်ဧကလျှင် ၆ တင်းခန့်သာထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် နှမ်းနက် (စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နှမ်းစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် နှမ်းနက် (စမုန်) မျိုးအတွက်ငွေကျပ်၅၆၀၀၀၊ နှမ်းနီမျိုးအတွက် ငွေကျပ်၃၈၀၀၀၊ နှမ်းဖြူမျိုးအတွက်ငွေကျပ် ၄၄၀၀၀၀ အကျိုးအမြတ်များရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

ဇော်မျိုး(မြဝတီ)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅.၈	/	၃၃.၆
ရန်ကုန်	၂၃.၈	/	၃၁.၀
မန္တလေး	၂၇.၈	/	၃၅.၀

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၉-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကေ	တာချီ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၀၀	၃၁၈၅	၃၁၆၀	၃၁၁၀	၃၁၈၅	၃၁၉၅	၃၂၁၀	၃၁၆၅	၃၂၉၀	၃၃၂၀	၃၁၇၀	၃၁၉၀	၃၂၂၀	၃၂၁၀	၃၂၂၀	၃၆၂၅	၅၅၀၀
95 Ron	၃၂၄၀	၃၃၂၀	၃၂၉၅	၃၂၄၅	၃၃၂၀	၃၃၃၅	၃၃၀၀	၃၄၂၅	၃၄၀၅	၃၃၁၀	၃၃၂၀	၃၃၅၅	၃၃၆၅	၃၃၅၅	၃၄၀၅	၃၇၆၀	၅၅၀၀
HSD (500 ppm)	၂၆၅၅	၂၇၃၅	၂၇၁၀	၂၆၆၅	၂၇၄၀	၂၇၅၀	၂၇၆၅	၂၇၂၀	၂၈၄၅	၂၈၀၅	၂၇၂၅	၂၇၄၀	၂၇၀၅	၂၇၆၀	၂၇၀၅	၃၁၈၀	၅၅၀၀
HSD (50 ppm)	၃၂၉၅	၃၃၈၀	၃၃၅၅	၃၃၀၅	၃၃၈၀	၃၃၉၀	၃၄၀၅	၃၃၆၀	၃၄၈၅	၃၅၀၅	၃၃၆၅	၃၃၈၀	၃၄၁၅	၃၄၀၅	၃၄၁၅	၃၈၂၀	၅၅၀၀
HSD (10 ppm)	၃၂၉၅	၃၃၈၀	၃၃၅၅	၃၃၀၅	၃၃၈၀	၃၃၉၀	၃၄၀၅	၃၃၆၀	၃၄၈၅	၃၅၀၅	၃၃၆၅	၃၃၈၀	၃၄၁၅	၃၄၀၅	၃၄၁၅	၃၈၂၀	၅၅၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၄၂	၃၀၃၅
95 Ron	၃၀၇၄	၃၁၆၉
HSD (500 ppm)	၂၅၁၀	၂၅၈၉
HSD (50 ppm)	၃၁၃၁	၃၂၂၃
HSD (10 ppm)	၃၁၃၁	၃၂၂၃

၀၆၇-၄၁၃၇၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၃၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုပန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရေဘေးပညာပေးစာစောင်

ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းပြင့်၊ ရေလွှတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃

၃။ ပိုမိုအိမ်ပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အပြင့်ပေများကို သိရှိမှတ်သားထားပါ။



၄။ သောက်သုံးရေများ ကြိုတင်စုဆောင်း ထားပါ။



၅။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။



၄

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၆

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြိုးပါက မြစ်ဝမ်းတစ်လျောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၄။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။



၂။ မသန်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေဘေးကြောင့် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။



၇

အောက်ဖော်ပြပါအရေးပေါ်သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ဖေါ်ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- ☐ ရေနှင့် ဓာတ်ဆားများ
- ☐ ကြာရှည်ခံအစားအစာများ
- ☐ ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးပါးများ
- ☐ အရေးပေါ်ခြံစောင်
- ☐ အဝတ်အစားများ
- ☐ ရေစိုခံမိုးကာ
- ☐ အကြမ်းခံသည့် ဖိနပ်၊
- ☐ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- ☐ လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- ☐ ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- ☐ ဖယောင်းတိုင်၊ မီးခြစ်
- ☐ အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ပိစိ
- ☐ တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- ☐ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- ☐ ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



၈

၂၀၂၄-၂၀၂၅ ကြံရာသီတွင် မြန်မာ့သကြားများကို ဗီယက်နမ်နိုင်ငံအပြင် တခြားနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့မည်

ရန်ကုန် စက်တင်ဘာ ၂

၂၀၂၄-၂၀၂၅ ကြံရာသီတွင် ပြည်တွင်းမှထွက်ရှိသောသကြားများကို ဗီယက်နမ်နိုင်ငံအပြင် တခြားနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာ့သကြားကို ပြည်ပနိုင်ငံများက ဝယ်လိုအားရှိသော်လည်း ပြည်တွင်းစားသုံးမှုဖူလုံစေရန် ဦးစားပေးဖြန့်ဖြူးရောင်းချနေပြီး ၂၀၂၄-၂၀၂၅ ကြံရာသီတွင် ပြည်တွင်း၌ သကြားစက်ရုံအသစ် နှစ်ခု တိုးချဲ့လည်ပတ်မည်ဖြစ်ရာ သကြားများ ပိုမိုထွက်ရှိလာနိုင်သောကြောင့် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့လည်း ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

"၂၀၂၄-၂၀၂၅ ကြံရာသီမှာတော့ အရည်အသွေးမီသကြားထုတ်လုပ်နိုင်သလောက် ပြည်ပကိုတင်ပို့သွားဖို့ ရည်မှန်းထားပါတယ်။ မြန်မာ့သကြားတွေကို ဗီယက်နမ်နိုင်ငံအပြင် တခြားနိုင်ငံတွေကလည်း ဝယ်ယူဖို့ကမ်းလှမ်းထားတာရှိတဲ့အတွက် လာမယ့်နှစ်မှာတော့ အဲဒီနိုင်ငံတွေကိုလည်း တိုးချဲ့တင်ပို့ဖို့ စီစဉ်နေပါတယ်" ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။

ပြည်တွင်း၌ ကြံရာသီသည် နှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလအထိဖြစ်ပြီး ၂၀၂၃-၂၀၂၄ ကြံရာသီကထွက်ရှိသော သကြားများကို ပြည်ပသို့ တန်ချိန်တစ်သိန်းဝန်းကျင်တင်ပို့နိုင်ခဲ့ကာ နိုင်ငံခြားဝင်ငွေ ရရှိခဲ့သောကြောင့် စက်ရုံများအနေဖြင့်လည်း တွက်ခြေကိုက်ကြောင်း၊ ထိုသို့တင်ပို့ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးသောပို့ကုန်ဈေးနှုန်းအတိုင်း တင်ပို့ခွင့်ပြုခြင်းဖြစ်ပြီး နိုင်ငံတကာပေါက်ဈေးအတိုင်း ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းမှထွက်ရှိသော သကြားများကို ဗီယက်နမ်နိုင်ငံသို့အပြား အနေဖြင့် မြန်မာ့သကြားများကို အခွန် ကြောင်းသိရသည်။



ဆုံးတင်ပို့လျက်ရှိပြီး ဗီယက်နမ်နိုင်ငံ ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ပြုထား

ဆောင်းဦး

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းခရိုင်အဆင့်နည်းပြသင်တန်းဖွင့်လှစ်



ကလော စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ်၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကလောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၂ ရက်တွင် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ ကလောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်က သင်တန်းတွင် သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာအကြောင်းအရာများနှင့် လက်တွေ့လေ့ကျင့်ခန်းများဖြင့် ဆွေးနွေးပို့ချမည်ဖြစ်ပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ ပဟေဠိအမေးအဖြေများဖြင့်လည်း ထိရောက်လွယ်ကူသည့်နည်းလမ်းများဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ပေးအပ်ထားသည့်တာဝန်များကို မိမိတို့၏အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းကို ကလောခရိုင်ရှိ ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနှင့် ရွာငံဒေသတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ပြီး နည်းပြဆရာ၊ ဆရာမများက သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ

ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် ရေးဆွဲနည်း(AVIP)သင်တန်းဖွင့်ပွဲကျင်းပ

ဘုတ်ပြင်း စက်တင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရာ၌ အဆင်ပြေလွယ်ကူစေရန် စီမံချက်ရေးဆွဲရေးနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေး အစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၂ ရက်တွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးအောင်ထွန်းလေးက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းစာအုပ်ရေးဆွဲနည်း၊ စီမံချက်ရေးဆွဲရေးနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေး အစီအစဉ် (AVIP) စာရင်းဖြည့်သွင်းနည်း၊ ကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်းများကို စနစ်တကျရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် အောက်လိပ်၊ ကျောက်ထနောင်း၊ ကံမော်ကြီး၊ ရွှေကျားခုန်၊ ရွှေဖလားအော်ကျေးရွာနှင့် ကျွဲချောင်းကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ငယ်လေး

ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ကန်ကြီးထောင့် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းစိုး၏ပြောဆိုချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၃၉၈၈ ဧကကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မိုးစပါးဧက ၁၃၀၀၇၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ မိုးစပါးဧက ၁၄၃၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ စပါးဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ စပါးဧကတွေကိုလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရာမှာ လျာထားချက်ဧကအားလုံး အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလည်း ပံ့ပိုးဆောင်ရွက်ပေးထားပါတယ် '' ဟု ဦးဝင်းစိုးကပြောသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်စိုက်ပျိုးထားသည့်မိုးစပါးများ ပိုးမွှားများကျရောက်မှုမရှိစေရန်၊ စပါးပင်ဖျက်ရွေ့ရာမကျရောက်စေရန်၊ အရည်အသွေးကောင်းစပါးများထွက်ရှိလာစေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

''ကန်ကြီးထောင့်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ မိုးစပါးဧက ၁၄၃၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်...''



နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မင်းတုန်းမြို့၊ အမှတ်(၄)ရပ်ကွက်နေ မောင်ဇင်မင်းအောင်(ဘ) ဦးဝင်း ၈/မတန(နိုင်)၀၆၃၉၂၄ နှင့် မင်းတုန်းမြို့နယ်၊ မြောက်ပြင်ကျေးရွာအုပ်စုနေ မသဲဖြူဖြူဇင်(ဘ)ဦးကျော်ဦး ၈/မတန(နိုင်) ၀၆၇၂၄၆ တို့သည် ၁၇-၇-၂၀၂၄ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ဇင်မင်းအောင်
မင်းတုန်းမြို့၊ အမှတ်(၄)ရပ်ကွက်

ပျောက်ဆုံးကြောင်း

မင်းဟိန်းသူ(ဘ)ဦးကြည်စိုး ၁၀/ကထန(နိုင်) ၈၆၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 716982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဦးမောင်ကျော်(ဘ)ဦးစိုးမြင့် ၁၂/ကမတ(နိုင်) ၀၇၁၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ဖခင်အမည်မှန်

ဘီးလင်းမြို့နယ်၊ အထက(ကင်းရွာ)ကျောင်း၊ Grade-11 မှ မကြည်မိုးဝေ၏ဖခင် အမည်မှန်မှာ ဦးကျော်လင်း ၁၀/ဘလန(နိုင်) ၀၇၆၃၄၅ ဖြစ်ပါကြောင်း။
ဦးကျော်လင်း

ပျောက်ဆုံးကြောင်း

ဖိန်ထုံးဆိုင်းတောင်(ဘ)ဦးဖိန်တုံးဆိုင်လွှမ်း ၁/မမန(နိုင်)၀၄၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 018039)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၂၂၇၁၂၉၄

ပျောက်ဆုံးကြောင်း

ဧင်မဦး(ဘ)ဦးမြအေး ၁၂/ကတတ(နိုင်) ၀၃၆၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၉၆၆၄၂၂၂

ပျောက်ဆုံးကြောင်း

ဦးဇော်ဝင်း(ဘ)ဦးစိုးဝင်း ၆/ရဖန(နိုင်) ၀၀၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(345199)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၂၄၆၆၅

ပျောက်ဆုံးကြောင်း

စိုးစိုးနွယ်(ဘ)တန်ခိုဟွပ်(ခ)ဦးကျော်မြင့် ၆/မအရ(နိုင်)၀၀၁၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(644887)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၀၆၈၅၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါအကြောင်းအရာ ဖြည့်စွက်ပြင်ဆင်ခြင်း

မြန်မာ့မီးရထားမှ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော တင်ဒါအမှတ်-၂၃၁/မမ/ပတ/CE, ၂၃၂/မမ/ပတ/CE နှင့် ၂၃၃/မမ/ပတ/CE(24-25)တို့အတွက် တည်ဆောက်ရေးလုပ်ငန်းများအား QA/QC လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြင်ဆင်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၃-၉-၂၀၂၄)မွန်းလွဲ(၂:၃၀)နာရီ

ထောက်ပံ့ငွေနှ၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 294352, 291994

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆက်သွား အ.ထ.က ကျောင်းဝင်အမှတ် C-၁၁၄၁၊ မနှင်းအိဖြူး Grade-12 သင်ဆဲ၏ဖခင် ဦးစိန်မောင်ပု၏အမည်မှန်မှာ ဦးပု ၈/တတက(နိုင်)၀၇၈၂၆ ဖြစ်ပါကြောင်း။
ဦးပု

အမည်မှန်

အထက(ဒ)ပုသိမ်၊ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ Grade-12 မှ မောင်ကောင်းခန့်အောင်၏မိခင် ဒေါ်သင်းသင်းစန်း၏အမည်မှန်မှာ ဒေါ်သင်းသင်း ဆန်း ၁၄/ပသန(နိုင်)၁၇၆၁၈၈ ဖြစ်ပါကြောင်း။
ဒေါ်သင်းသင်းဆန်း

ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade- 5 (D) မှ မဆုပြည့်နိုင်၏ဖခင်အမည်မှန်မှာ ဦးမိုးဆွေ ၇/သနပ(နိုင်)၀၇၆၀၀၉ ဖြစ်ပါကြောင်း။
ဦးမိုးဆွေ

ပျောက်ဆုံးကြောင်း

ရဲရင့်(ဘ)ဦးထွန်းမြင့်ဦး ၇/ညလပ(နိုင်) ၂၃၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 051082)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၉၀၉၆၉၅

ဖခင်အမည်မှန်

ဘီးလင်းမြို့နယ်၊ အထက(ကင်းရွာ)ကျောင်း၊ Grade-12(စနစ်သစ်)မှ မဓောနည်သက်၏ဖခင် အမည်မှန်မှာ ဦးဝင်းကျော် ၁၀/ဘလန(နိုင်) ၀၁၄၉၄၅ ဖြစ်ပါကြောင်း။
ဦးဝင်းကျော်

ပျောက်ဆုံးကြောင်း

အိအိမိုး(ဘ)ဦးကျော်လှိုင် ၇/ဖမန(နိုင်) ၂၅၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 844135)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း

အောင်ကျော်မိုး(ဘ)ဦးတင်မောင်ညွှန့် ၉/တတဘ(နိုင်)၁၀၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 790759)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း

နွေးနွေးအို(ဘ)ဦးဌေးဝင်း ၇/ကကန(နိုင်) ၀၆၂၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 230772)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း

ရဲလင်းနိုင်(ဘ)ဦးဝင်းစိုး ၇/သနပ(နိုင်) ၁၂၄၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၆၆၈၂၃၀

ပျောက်ဆုံးကြောင်း

မောမော်သာဆိုင်(ဘ)ဦးသာဆိုင် ၁၂/စခန (နိုင်)၀၁၂၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၀၁၄၈၀၆၅

ပျောက်ဆုံးကြောင်း

ကျော်စိုးဦး(ဘ)ဦးမောင်ထွေး ၈/အလန(နိုင်) ၁၄၃၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၇၁၃၃၂၂

ပျောက်ဆုံးကြောင်း

လင်းထင်(ဘ)ဦးအောင်ကျော် ၁၂/သလန (နိုင်)၀၇၁၀၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း

ဂျွန်ရည်မွန်(ဘ)ဦးကျော်မြင့် ၇/ထတပ(နိုင်) ၁၁၆၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD429441)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း

ဖိုးစိုးလှိုင်(ဘ)ဦးညီစိန် ၉/မရတ(နိုင်) ၀၁၀၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၀၃၉၈၇၆၃

ပျောက်ဆုံးကြောင်း

မယ့်လူးထ(ဘ)ဦးညီဗူး ၁၃/လရန(နိုင်) ၂၂၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၇၈၀၆၀၅

ပျောက်ဆုံးကြောင်း

ကျော်စိုးဦး(ဘ)ဦးမောင်ထွေး ၈/အလန(နိုင်) ၁၄၃၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၇၁၃၃၂၂

ပျောက်ဆုံးကြောင်း

မေမော်သန်း(ဘ)ဦးမောင်မောင်သန်း ၁၂/ သဃက(နိုင်)၀၂၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၁၇၀၈၄

ပျောက်ဆုံးကြောင်း

စိုးစိုးမိုး(ဘ)ဦးသန်း ၁၂/တမန(နိုင်)၀၆၃၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 199969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၂၅၃၁၁

ပျောက်ဆုံးကြောင်း

မေသဇ္ဇာနှင်း(ဘ)ဦးစိန်ဝင်း ၇/ထတပ(နိုင်) ၀၉၇၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 759458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်း၊ သတိပဋ္ဌာန်နေ ခိုင်ကလျာ(ဘ)ဦးသိန်းငွေ ၇/ကတခ(နိုင်)၂၄၇၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

မြောက်ဒဂုံမြို့နယ်၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၃၁/၈၈၀)(ခ)နေ ကောင်းထက်ဇော်(ဘ)ဦးဇော်မိုးလွင် ၁၂/ဒဂမ(နိုင်)၁၄၃၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 595797)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၀၆၃၃၉၃

ပျောက်ဆုံးကြောင်း

ထက်ထက်ခိုင်(ဘ)ဦးသန်းဝင်း ၅/မရန(နိုင်) ၃၄၇၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF472463)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၇၃၀၅၆

ပျောက်ဆုံးကြောင်း

နှင်းသန္တာထွန်း(ဘ)ဦးသိန်းထွန်း ၁၄/ပသန (နိုင်)၂၀၉၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 234872)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၄၃၀၁၈

ပျောက်ဆုံးကြောင်း

ဂျမီလာဘီ(ခ)နီနီမြင့်(ဘ)မူဟာမက်ကာစင် ၁၂/ပဘတ(နိုင်)၀၂၁၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 115649)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၇၉၈၉၉

ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်နေ အေးမြတ်သူ(ဘ)ဦးမြင့်စိုး ၉/နထက(နိုင်)၁၇၁၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ မဆုပွန်လှိုင်(ဘ)ဦးစိုးညွှန့် ၁၂/ဗဟန (နိုင်)၀၈၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၃၀၃၇၆၈

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နေ ဇော်လွင်ထွန်း(ဘ)ကျော်သိန်း ၇/ကဝန (နိုင်)၁၁၈၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၀၈၀၀၈၈

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ



ပျောက်ဆုံးကြောင်း

အောင်ဌေးဝင်း(ဘ)ဦးဦးစံကျော်၁၁/ပတန(နိုင်)၁၂၀၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 895919)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

မြဝတီ ခနဉ်စဉ်
ရောင်းခုံ သတင်းစာ
လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လကမ×၁ကော်လံ)(၆၀၀၀/-)ကို နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသွားဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်ဆီမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၅
- မြဝတီသတင်းစာတိုက်ခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၁၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

ထွန်းထွန်းဦး(ဘ)ဟုတ်ရွှေ ၁၂/မရက(နိုင်)၁၃၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 324820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ချယ်လ်ဆီးအသင်းက တိုက်စစ်ကစားသမား ဂျက်ဆင်ကို ၂၀၃၃ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ကြောင်း အတည်ပြုကြေညာ



လန်ဒန် စက်တင်ဘာ ၂

ချယ်လ်ဆီးအသင်းက အသင်းတိုက်စစ်ကစားသမား ဂျက်ဆင်ကို ၂၀၃၃ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ဂျက်ဆင်သည် ၂၀၂၃ ခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဗီလာရီးယဲလ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း ပိုချက်တီနိုလက်အောက်တွင် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း နည်းပြမာရက်စ်ကာ လက်အောက်တွင် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

ဂျက်ဆင်သည် အစောပိုင်းက အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ၁၇ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုခြောက်ကြိမ် ပြုလုပ်နိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း လေးပွဲကစားပြီးချိန်တွင် တစ်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အသင်းမှကစားသမားများကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရာတွင် ကာလရှည်သက်တမ်းတိုးစာချုပ်များချုပ်ဆိုခဲ့ပြီး ဂျက်ဆင်မတိုင်မီကလည်း ကိုးလ်ပယ်မာကို ၂၀၃၃ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

Ref;Bein Sports

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းတစ်သင်းတည်းကို ရှုံးပွဲမရှိ ပွဲအများဆုံးနည်းပြအဖြစ် နည်းပြဖာဂူဆန်ကိုကျော်ဖြတ်ပြီး နည်းပြဂွါဒီယိုလာ မှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၂

ပရီးမီးယားလိဂ်ပွဲစဉ်(၃)အဖြစ် ကစားသည့် မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိသော ပွဲစဉ်အပြီးတွင် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာသည် မန်ယူအသင်းနည်းပြဟောင်း ဖာဂူဆန်ကို ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပြိုင်ဘက်အသင်းတစ်သင်းတည်းကို ရှုံးပွဲမရှိ ပွဲအများဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ၎င်း၏ မန်စီးတီးအသင်း နည်းပြဘဝတွင် ဝက်စ်ဟမ်းအသင်းနှင့်ကစားသည့် ပွဲစဉ်များ၌ အမြဲတမ်း ရလဒ်ကောင်းများရရှိလေ့ရှိပြီး ပြီးခဲ့သည့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိပြီးနောက် ၎င်း၏ မန်စီးတီးအသင်းနည်းပြဘဝတွင် ဝက်စ်ဟမ်းအသင်းကို ၁၇ ပွဲအထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ကာ ၁၆ ပွဲ စွမ်းဆောင်ထားသည့် ဖာဂူဆန်ကိုကျော်ဖြတ်၍ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းတစ်သင်းတည်းကို ရှုံးပွဲမရှိပွဲအများဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာမတိုင်မီက နည်းပြဖာဂူဆန်သည် မန်ယူအသင်းနည်းပြဘဝတွင် ချာလ်တန်အသင်းကို ၁၆ ပွဲအထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ရှုံးပွဲမရှိခဲ့သည့် ၁၆ ပွဲတွင် နည်းပြဖာဂူဆန်က ၁၄ ပွဲအနိုင်ရရှိကာ နှစ်ပွဲသရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းနည်းပြဘဝတွင် ဝက်စ်ဟမ်းအသင်းကို ၁၅ ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့၍ မန်ယူအသင်း နည်းပြဟောင်း ဖာဂူဆန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;The Athletic

လီဗာပူးအသင်းနှင့်နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ပြီး သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုမရှိသေးကြောင်း ဆာလက်ချ်ပြောကြား



လန်ဒန် စက်တင်ဘာ ၂

လီဗာပူးအသင်း အဓိကတိုက်စစ်ကစားသမား ဆာလက်ချ်က ယခုဘောလုံးရာသီသည် လီဗာပူးအသင်းနှင့်အတူ နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ပြီး လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသေးကြောင်း မန်ယူအသင်းနှင့်ကစားသည့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ လီဗာပူးအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ပြီး ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအပါအဝင် တစ်ဦးချင်းဆုတံဆိပ်များစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဆာလက်ချ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလနှင့် ယခုနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတို့တွင် အသင်းမှထွက်ခွာမည့်သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့သော်လည်း အသင်းမှထွက်ခွာခြင်းမရှိသေးဘဲ ယခုဘောလုံးရာသီတွင် ဆက်လက်ကစားခဲ့ခြင်းဖြစ်သည်။

ဆာလက်ချ်နှင့် လီဗာပူးအသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လီဗာပူးအသင်းဘက်မှ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသေးကြောင်း ဆာလက်ချ်က အတည်ပြုပြောကြားခဲ့သည်။

ဆာလက်ချ်က "ဒီဘောလုံးရာသီက လီဗာပူးအသင်းမှာ နောက်ဆုံးကစားတဲ့ရာသီဖြစ်လာနိုင်ပါတယ်။ အခုချိန်ထိတော့ အသင်းက သက်တမ်းတိုးစာချုပ်အတွက် တစ်စုံတစ်ရာကမ်းလှမ်းထားတာ မရှိသေးပါဘူး။ စာချုပ်သစ်ချုပ်ဆိုဖို့အတွက် အသင်းပေါ်မှာပဲမူတည်တာပါ။ ဒီရာသီက ကျွန်တော့်ရဲ့ နောက်ဆုံးရာသီဖြစ်လာနိုင်ပါတယ်" ဟု ပြောသည်။

ဆာလက်ချ်သည် ယခုဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်းပြနေပြီး ပရီးမီးယားလိဂ် သုံးပွဲကစားပြီးချိန်တွင် နှစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

Ref;Fabrizio Romano

နှစ်ပွဲဆက်ရှုံးနိမ့်ပြီးနောက် မန်ယူအသင်း နည်းပြ တန်ဟတ် အနာဂတ်မရေမရာဖြစ်လာ

မန်ချက်စတာ စက်တင်ဘာ ၂


ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ကစားသည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက အိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့်ရှုံးနိမ့်ပြီးနောက် နည်းပြတန်ဟတ်၏အနာဂတ်မှာလည်း မရေမရာဖြစ်လာကြောင်း သိရသည်။

နည်းပြတန်ဟတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ရလဒ်ဆိုးများကြောင့် အသင်းမှ ထုတ်ပယ်ခံရရန်နီးစပ်ခဲ့သော်လည်း ရာသီအကုန်တွင် အသင်းပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်က နည်းပြတန်ဟတ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး ဆက်လက်တာဝန်ပေးအပ်ခဲ့ကာ အပြောင်းအရွှေ့ကာလများတွင် နည်းပြတန်ဟတ်အလိုရှိသည့်ကစားသမားများကို ရရှိအောင်ခေါ်ယူပေးခဲ့သော်လည်း မန်ယူအသင်း အနေဖြင့် ရာသီအစတွင်ပင် ရုန်းကန်နေရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရာသီအစ နှစ်ပွဲကစားပြီးချိန်တွင် ဖူလ်ဟမ်အသင်းကိုသာအနိုင်ရရှိပြီး ဘရိုက်တန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ လီဗာပူးအသင်းကိုလည်း ၃ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြတန်ဟတ်၏အနာဂတ်မှာ မရေမရာဖြစ်လာကြောင်း သိရသည်။

Ref;Sky Sports

တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ








ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



MITT ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



နေပြည်တော် စက်တင်ဘာ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၃၀ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၃၁ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၊ မြရည်ပုလဲလမ်း၊ ယင်းဝါဆည်အနီး၌ လိုင်စင်မဲ့ Toyota Liteace မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **စက်တင်ဘာလ ၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ အင်းတကော်မြို့နယ်၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၆၀၅) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၇၅၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရွာရှိ X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှတောင်ငူမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၂၂၇၅၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၁ ရက်တွင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁၁)စီးနှင့် မော်တော်ဆိုင်ကယ်(၁၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၁ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၄)ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၅၆၆၀၀)ကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၈၆၄၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၄၅၂၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာလ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၉) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၃၆၆၉၉၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အချို့တွင် စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



စိန်မြင့်(ခ)အားသာအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁ ရက် ည ၉ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြား၌ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိထားသူ စိန်မြင့်(ခ)အားသာကို စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၅ ကီလိုနှင့် လည်းကောင်း၊ အလားတူ ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်တွင် လော်မို မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်တူး ဘောက်အတွင်းမှ စိတ်ကြွရှူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဧလ)**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းနှင့် ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လက်ဝှေ့ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော အားကစားဆပ်ကော်မတီအလိုက် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာပြိုင်ပွဲဝင်အသင်းများမှအားကစားသမားများက အားကစားကွင်းအတွင်း၌ နေရာယူပြီးနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို သံပြိုင်ရွတ်ဆိုကြပြီးနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအားလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သော အ.ထ.က(၇)ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကာ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသည့် အမျိုးသမီး (54–57) ကီလိုတန်းပွဲစဉ်တွင် နှင်းဆီအေး(နမ့်စန်) နှင့် မိုးပြည့်ပြည့်လွင်(ကလော)တို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲကို ယနေ့မှစတင်ပြီး စက်တင်ဘာလ ၅ရက်ထိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ပြိုင်ပွဲဝင်အသင်း ကိုးသင်းနှင့် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၆၂ ဦးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

၂-၉-၂၀၂၄

ထူးခြားသည့်နေ့အပူချိန်များ

ခန္တီး	၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်	ကသာ	၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်
ရွှေဘို	၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်	စစ်ကိုင်း	၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
ရေဦး	၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်	မုံရွာ	၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်
တံတားဦး	၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်	မြစ်ကြီးနား	၃၅ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်
(လေကြောင်းမိုးလေဝသ)		မန္တလေး	၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

◆ **ကျောဖုံးမှအဆက်**

စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သိန်းမင်းကျော်(ခ) ဖိုးထွေးနှင့် နိုင်ဝင်းထွန်းတို့ ၂ ဦးအား ယင်းနေ့မွန်းလွဲ ၁ နာရီအချိန် သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာအနီး၊ ပျော်ဘွယ်-တောင်ကြီးသွားကားလမ်းတွင် PAJERO မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ခိုင်းသူ ဘိုဘိုဇော်၊ မဒိုင်နန်း(ခ)ရွှေစင်နှင့် ဝင်းကိုကိုတို့ ၃ ဦးအား ည ၁၁ နာရီခွဲအချိန် မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်း၊ ၅၉ x ၆၀ လမ်းကြားရှိ ဟိုတယ်တွင် LANDCRUISER မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်၊ မြဝတီမြို့သို့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများဖြန့်ဖြူးရောင်းချနေမှုများကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၁၀၀)**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aung Zin Oo(ငကြွက်)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်နေ အောင်ဇော်ဦး(ခ)အောင်ကြိုင် (ခ)ငကြွက်အား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ “Yair Yair” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)နေ ရဲဇာနည်အောင်(ခ)အာကြီးအား ညနေ ၃ နာရီတွင်လည်းကောင်း၊ “MDY” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်၊ ဓနဲ့ကျေးရွာနေ ဟန်သော်စိုးအား ည ၆ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “မိကျူး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ထက်ထက်ဝင်း(ခ)မိကျူးအား ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**


TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ပြန်ဖြန့်
ရောင်းချလျက်ရှိပါသည်။
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
ပင်ရင်းအရောင်းဌာန-ဗုန်း - ၀၉ ၂၅၄၊၇၇၂၈၄၃၊ ၀၉ ၄၅၃၂၂၅၅၅၅
KHA YAE PIN MART-မဝံလာခုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းငြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ချေးငယ်ခြင်း
ပြုတီနှင့်စစ်ကုန်သွယ်ငှေးလုပ်ငန်းအတွက်
Customs Duty များ ငေးဆောင်ကုတွင်
MMM Service အသုံးပြုမှု
လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘက်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၄
SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆီပံခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် မုန်းနံပါတ်
ရုံးချုပ် - ၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄
သာကေတရုံး - ၀၉ - ၅၅၀ ၄၅၄၆၊ ၀၉ - ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ - ၅၁၅ ၉၆၉၇
ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အစေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိ အသုံးချနိုင်ရေးအရေးကြီး . . .

❖ မိမိတို့၏အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများမဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလိုဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၉ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ တောင်ဂွကျေးရွာအနီးတွင် ပြည့်ဖြိုးကျော်(ခ) မှူန်လေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၈၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး

စာမျက်နှာ ၃၀ ကော်လံ ၁ ◆

ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မြန်မာ့လက်ရွေးစင်အသင်း Mitsubishi Electric Cup 2024 ပြိုင်ပွဲမတိုင်မီ စင်ကာပူအသင်း၊ လက်ဘနွန်အသင်းတို့နှင့် ခြေစမ်းပွဲကစားမည်

စာ - ၂၄ သို့

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များယှဉ်ပြိုင်ကစား

စာ - ၂၄ သို့

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ Glory Goal အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ Glory Goal အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် မင်းခန့်သိန်း၊ ပွဲချိန် မိနစ် ၅၀ တွင် ရဝေကျော်၊ ပွဲချိန် ၈၂ မိနစ်တွင် ဝင်းဌေးတို့က သွင်းယူပေးနိုင်ခဲ့ပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ➪



OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်းထုတ်လုပ်သည်
သကြားဖြူ White Sugar